မြန်မာ့အလင်း (ကြေးမုံ) The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (9-3-2008) (၅၆၁၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဥပဒေကျွမ်းကျင်သူများ ပါဝင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် နိုင်ငံတကာအဆင့်အတန်းများနှင့် ကိုက်ညီ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေတွင် ဆန္ဒမဲပေးခွင့်ရှိသူများ လွတ်လပ်မျှတစွာပေးနိုင်ရန် ပြဋ္ဌာန်းချက်များပါဝင်

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မကျန်စေရန် အစီအစဉ်များ ဂရုတစိုက်ထည့်သွင်းထား

လွတ်လပ်၍ မျှတပြီး နိုင်ငံတကာလုပ်ထုံးများနှင့်ကိုက်ညီသော မဲပေးမှုဖြစ်အောင် အကောင်းဆုံးစီမံထား

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မတ် ၈

ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့်အဖွဲ့သည် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် ကော်မရှင်အဖွဲ့ဝင် သုံးဦးအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က အမျိုးသားညီလာခံ ကျင်းပပြီးစီးမှု၊ အမျိုးသားညီလာခံက ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးစီးခဲ့မှုနှင့် ရေးဆွဲပြီးစီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် အခြေခံဥပဒေမူကြမ်းရရှိရန် အချိန်များစွာယူ၍ ဆောင်ရွက်ခဲ့ရကြောင်း၊ အမျိုးသားညီလာခံ အကြိုညှိနှိုင်းအစည်းအဝေးများကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများကိုလည်း ဖိတ်ကြားခဲ့ပြီး သဘောတူညီချက် (၃)ချက်ရရှိခဲ့ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရန်၊ အဓိကအခြေခံကျသော အခြေခံမူများကို ဆွေးနွေးရန်နှင့် အမျိုးသားညီလာခံကျင်းပရာတွင် အစုအဖွဲ့(၈)ဖွဲ့ကို ဖိတ်ကြားရန်တို့ဖြစ်ကြောင်း၊ အဖွဲ့(၈)ဖွဲ့မှ စုစုပေါင်း ကိုယ်စားလှယ် ၇၀၀ ကျော် ဖိတ်ကြားခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ညီလာခံကို စတင်ကျင်းပခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ညီလာခံ (၆)ကြိမ်ကျင်းပနိုင်ခဲ့ကြောင်း၊ ယင်းညီလာခံများအတွင်း ဖွဲ့စည်းပုံအခြေခံမူကြမ်း ရေးဆွဲရာ၌ အခြေခံရမည့် အခန်း(၁၅)ခန်းနှင့် အခြေခံမူ(၁၀၄)ချက် ပါဝင်ရေးတို့ကို ညှိနှိုင်းရရှိခဲ့ကြောင်း၊ အခန်း(၁) နိုင်ငံတော်၊ အခန်း(၂) နိုင်ငံတော်အကြီးအကဲ၊ အခန်း(၃) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ စသည်တို့ဆိုင်ရာ အခြေခံမူများကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်အာဏာ(၃)ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့နှင့် ပတ်သက်၍ ဖွဲ့စည်းမှု အပိုင်းကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ NLD အနေဖြင့် အထက်ပါ အပိုင်းများ ဆွေးနွေးအတည်ပြုသည်အထိ ပါဝင်ခဲ့ကြောင်း၊ သို့သော်လည်း ၁၉၉၅ ခုနှစ် စက်တင်ဘာတွင် ၎င်းတို့နှင့် သီးသန့် တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့ကြောင်း၊ ၎င်းတို့ တောင်းဆိုသည့် ကိစ္စများမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များနှင့်

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် ကော်မရှင်အဖွဲ့ဝင်များ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၉-၃-၂၀၀၈
(တနင်္ဂနွေနေ့)

ကြက်ငှက်တုပ်ကွေးကာကွယ်ရေး အလေးထားဆောင်ရွက်

ကြက်ငှက်တုပ်ကွေးသည် အများအားဖြင့် တောင်ပံပါသော သတ္တဝါများကို ကူးစက်တတ်သည့် ရောဂါတစ်မျိုးဖြစ်သည်။ အများအားဖြင့် ကြက် ငှက် ဘဲတို့တွင်သာ ဖြစ်လေ့ရှိသော်လည်း လူများသို့လည်း ကူးစက်တတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၃ ခုနှစ်မှ စတင်၍ ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိရာ ၆၁ နိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ မှတ်တမ်းများ အရ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၃၆၁ ဦးရှိပြီး ၂၂၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ရှိ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တရုတ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများရှိရာ အာရှသုံးနိုင်ငံ၌ လူ ၂၀ သို့ ရောဂါကူးစက်ပြီး ၁၇ ဦး သေဆုံးခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအတွင်း၌ ၂၀၀၆ ခုနှစ်ဆန်းပိုင်းက စတင်တွေ့ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်ကုန်ပိုင်းအထိ ပြည်နယ်၊ တိုင်း ခြောက်ခုရှိ ၂၅ မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည်။ နိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်ထားနိုင်သော်လည်း ပတ်ဝန်းကျင်နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသောကြောင့် ထပ်မံကူးစက်ဖြစ်ပွားမှု မရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အိမ်မွေးကြက်၊ ဘဲတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားပါက အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း၊ ဦးခေါင်းနှင့် မျက်နှာဖောရောင်ခြင်း၊ ခြေထောက်ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီအစက်အပြောက်များ ပေါ်လာကာ သေဆုံးနှုန်း မြင့်မားကြောင်း သိရသည်။

ကြက်၊ ဘဲမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုနှင့် ပိုးသန့်စင်မှု မြှင့်တင်ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်နေသော ကြက်၊ ဘဲများနှင့် အခြားတိရစ္ဆာန် မျိုးစိတ်များ သီးခြားထိန်းသိမ်းမွေးမြူခြင်း၊ ကြက်၊ ဘဲအရှင် ဈေးအတွင်း သတ်ဖြတ်ရောင်းဝယ်မှု မပြုခြင်း၊ ကြက်ငှက်နှင့် ကြက်ငှက်ထွက်ပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ ကြက်၊ ငှက်မွေးမြူ သယ်ဆောင်ရောင်းဝယ်သူအားလုံး တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်ကြခြင်းတို့ဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၁ ရက်တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာနှင့်ကျီရွာတို့အား ဆက်သွယ်ထားသည့် ကျေးလက်ဖွံ့ဖြိုးရေးလမ်းအား ကျေးရွာလူထုအပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ ပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပျော်ဘွယ်မြို့နယ် ကျီရွာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ကျီရွာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးလက်လူထုသို့စာအုပ်၊စာစောင်များလှူဒါန်းပြီး ကျီရွာ၌ ဆောက်လုပ်နေသည့် ရှစ်ခန်းတွဲပါ အရှည် ပေ ၂၄၀၊ အကျယ် ၂၄ ပေရှိအခြေခံပညာမူလတန်းလွန်ကျောင်း တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ကျီရွာအနီးရှိ ကျေးလက်ဖွံ့ဖြိုးရေး ဆည်ကန်တစ်ခုဖြစ်သော မင်းသားကြီးကန်အား ပြုပြင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ မင်းသားကြီးကန်သည် တမံအလျားပေ ၁၅၅၀၊ တမံအမြင့်၂၅ပေရှိပြီး ရေသောက် ဧက ၂၀၀၀ ကျော်ရှိသည်။

ထိုမှတစ်ဆင့် အထွေထွေအတွင်းရေးမှူးသည် ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာ သန်လျင်တောရမင်းကျောင်း ဆရာတော် ဘဒ္ဒန္တ နိပုဏအား ဖူးမြော်၍ လှူဖွယ်ပစ္စည်း ဆက်ကပ်ပြီး ရန်မျိုးအောင်စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးနှင့်အဖွဲ့ မတ်၅ ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရဲတပ်ဖွဲ့စခန်းသို့လာရောက်၍ တပ်ဖွဲ့ဝင်မိသားစုများ ဝင်ငွေရရှိရေး၊ တပ်ဖွဲ့တွင်း လက်မှုလုပ်ငန်းများ၊ မွေးမြူရေး၊ စားသုံးသီးနှံပင်များစိုက်ပျိုးရှင်သန်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်းနှင့် သုဝဏ္ဏရဲစခန်းမှူး ရဲအုပ်ဝင်းမောင်တို့က ရှင်းလင်းတင်ပြကြရာ ခရိုင်ရဲတပ်ဖွဲ့မှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားစဉ်။ (၅၀၆)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့ရဆရာတော်ထပ်ဆင့်ပူဇော်မည်

ရန်ကုန် မတ် ၈

တောင်တွင်းကြီးမြို့နယ် ဆိမီးထွန်းကျေးရွာအုပ်စု သဲဖြူရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းမှ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒသည် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရပါသဖြင့် အသင်းမှ မတ် ၂၂ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတောင်ဘက်မုခ်အနီးရှိ သစ်လုပ်ငန်းဓမ္မာရုံ၌ ထပ်ဆင့် ပူဇော်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ နယ်သူ၊ နယ်သားများ ကြွရောက်ပူဇော်ပါရန်နှင့် ကြိုတင်အလှူငွေများကို ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း) ဖုန်း-၀၆၉၉၆၀၂၊ ဒု-ဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၆၅၁၉၄၃၊ ရုံး-၅၃၉၇၃၈၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင်၊ ဖုန်း-၆၄၀၈၆၈၊ ရုံး-၂၄၃၉၉၂၊ အတွင်းရေးမှူး ဒေါက်တာဘိုကြည်၊ ဖုန်း-၇၀၀၈၂၀တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ ထည့်ဝင်နိုင်ကြောင်း သိရသည်။ (က-ပ)

အမဲစမ်းတောရ ခုနှစ်ရက်တရားစခန်း

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံတောင် အမဲစမ်းတောရကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ၏ မဟာသင်္ကြန်ရက်များအတွင်း အလုပ်ပေး တရားတော်များကို ကိုယ်တွေ့ ဟောကြားမည့် အမဲစမ်းတောရကျောင်း၏ ခုနှစ်ရက်တရားစခန်းဖွင့်ပွဲကို မဟာသင်္ကြန်အကြိုနေ့မှစ၍ ဖွင့်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီအပေါင်းတို့သည် ၎င်းရက်မတိုင်ခင် အမဲစမ်းတောင်ပေါ်သို့ ရောက်နေရမည်ဖြစ်သည်။

တရားစခန်းနှင့်အတူ ဆရာတော်ကြီးအား (၃၇)ကြိမ်မြောက် သိက္ခာကံထပ်ခြင်း၊ ရဟန်းခံရှင်ပြု ဒုလ္လဘအလှူတို့ကိုကျင်းပမည်။ ဆရာတော်ကြီးနှင့်အတူ တောင်ပေါ်သို့ တစ်ပါတည်းလိုက်လိုသူများ၊ တရားစခန်းဝင်လိုသူများသည် အရိယာမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက် အမှုဆောင်များဖြစ်သော ဦးခင်မောင်စိုး၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးမင်းစိုးမင်းသူတို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် အောက်မင်္ဂလာဒုံလမ်းနေ (ကျားမင်းရေခဲစက်ပိုင်ရှင်) မယ်တော်ကြီး ဒေါ်သန်းသန်းနှင့် အမှတ်(၁၅)Aနေ ဦးသန့်ဇင်-ဒေါ်မြင့်မြင့်ကြည်၊ ကိုစိုးမင်းထိုက်-မမြင့်မြင့်သန်း၊ သား-မင်းခန့်ကိုကို၊ မောင်မျိုးသန့်-မနန်းဖောင်တစ် မိသားစုတို့က မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာရပ်ကွက် မဟာဝံသကျောင်းတိုက်၏ အဝင်မုခ်ဦးနှင့် လမ်းတံတားဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၂၅သိန်းကို မဟာဝံသကျောင်းဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လှူဒါန်း

ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော စံပြကျေးရွာ ဘိုးဘွားရိပ်သာသို့ တွံတေးမြို့မှ အလှူရှင် ဦးငွေသောင်းနှင့် မောင်နှမများက စပါးတင်း ၅၀ လှူဒါန်းရာ ရိပ်သာကြီးကြပ် စောင့်ရှောက်မှု ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်း လက်ခံယူစဉ်။ (က-ပ)

သတ္တုတွင်း ဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၈

သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် သတ္တုတွင်း ဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်း ရှင်များ ထုတ်လုပ်မှု တိုးတက် မြင့်မားရေး ဆွေးနွေးပွဲတွင် အမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် သတ္တုတွင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်က သတ္တုတွင်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ကိစ္စများနှင့် ရွှေဈေးနှုန်းထိန်းသိမ်းရေး ကော်မတီ၏ သုံးသပ်ချက်များကို လည်းကောင်း၊ အမှတ်(၂) သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ရွှေသတ္တုထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများမှ တာဝန်ရှိသူများက ရွှေထုတ်လုပ်မှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်သင်၊ ဖက်စပ် ရွှေလုပ်ငန်း ရှင်များ၏ ကိုယ်စားလှယ်များနှင့် ဖက်စပ်ရွှေလုပ်ငန်းရှင်များက ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြော ကြားပြီး ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက် ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ထူးကြီးမြို့ ကျက်သရေဆောင် မဟာသိဝစေတီတော်မြတ်ကြီး ထီးတော်တင်လှူမည်

ရန်ကုန် မတ် ၈

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ကျက်သရေဆောင် မဟာသိဝစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပွဲကို မတ် ၂၁ရက်နှင့် ၂၂ရက်တို့တွင်ကျင်းပမည်ဖြစ်ရာ ထူးကြီးမြို့သူ၊ မြို့သားများ၊ စေတီတော်ကြီး ထီးတော်တင်လှူပွဲအတွက် လှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများသည် ဦးမြင့်သိန်း ဖုန်း-၂၉၃၀၅၆၊ ဦးမျိုးသန့် ဖုန်း-၂၉၇၆၄၂၊ ဦးမြင့်သန်း ဖုန်း-၂၉၄၁၅၀၊ ဦးထွန်းရွှေ ဖုန်း-၅၄၉၃၇၆၊ ဦးဇော်ဌေး ဖုန်း-၂၀၀၃၆၀နှင့် ဒေါ်ယဉ်ယဉ်ဌေး ဖုန်း-၇၂၂၀၁၅တို့သို့ မတ် ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေထီးတော် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ ကျင်းပမည်

ပဲခူး မတ် ၈

ပဲခူးမြို့ ကတွင်းခြံကျေးရွာ အုပ်စု တောင်သူစုကျေးရွာ (စကားဝါမြေ) ထူးမခြားနား အဋ္ဌနာရာမ ကျီးတောင် တောရကျောင်းတိုက်အတွင်း၌ ပဲခူး မြွေဘုရားကျောင်း၊ မယ်တော်ကြီး စောနန်းဝေနှင့် ခုနစ်ရက်သားသမီးများ ကောင်းမှုဖြင့် တည်ထားခဲ့ပြီးဖြစ်သော စေတီတော်၏ ရွှေထီးတော်မင်္ဂလာ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာ သာမိအား သိက္ခာထပ်ကံဆင့် အလှူ တော်ကို (၁၃၆၉ ခုနှစ် တပေါင်း လပြည့်နေ့)မတ် ၂၁ရက်(သောကြာနေ့) နံနက် ၇ နာရီ ၁၀မိနစ်တွင် စည်းကား သိုက် မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့တွင် စီခြယ်ပူဇော်နိုင်ရန် ရတနာပစ္စည်းများ နဝရတ်ကိုးပါး စသည်တို့နှင့် အလှူငွေများကို ရွှေဟင်္သာ အဋ္ဌနာကျီးတောင် တောရကျောင်း (ပဲခူးမြွေဘုရားကျောင်း) ဖုန်း-၅၁၆၅၃၉၆ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

ဒုတိယဝန်ကြီးဗိုလ်ချုပ်သိန်းထွန်း ဆက်သွယ်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သိန်းထွန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျောက်မဲမြို့သို့ရောက်ရှိပြီး ကျောက်မဲမြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်း တိုးချဲ့တပ်ဆင်မည့် အစီအစဉ်နှင့် တပ်ဆင်ပြီးဖြစ်သည့် GSM စခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လားရှိုးမြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၌ ဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားပြီး လားရှိုးမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်း တိုးချဲ့ တပ်ဆင်မည့် လုပ်ငန်းများကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကွမ်းလုံမြို့နှင့် ဟိုပန်မြို့တို့၌ ဒေသ ဆက်သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် လောက်ကိုင်မြို့ရှိ ဂြိုဟ်တု ဆက်သွယ်ရေးစခန်း၊ အိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ချင်းရွှေဟော်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှဝန်ထမ်း များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာမိုးညဲအော်တိုအိတ်ချိန်း တပ်ဆင် ထားရှိမှုအခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဖေဖော်ဝါရီ၂၈ရက်တွင် မုန်းကိုးမြို့ အိတ်ချိန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးမှာကြားပြီး ကြူကုတ် (ပန်ဆန်း) ဒီဂျစ်တယ် အော်တို အိတ်ချိန်း တိုးချဲ့တပ်ဆင်မည့်လုပ်ငန်း များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မူဆယ်မြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ၂၉ ရက်တွင် သီပေါမြို့ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့်GSM စခန်း စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကိုလည်းကောင်း၊ နောင်ချိုမြို့ အော်တိုအိတ်ချိန်း အဝေး လိုင်း တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် တယ်လီဖုန်း စမ်းသပ်ခေါ်ဆိုမှုများကို လည်းကောင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း မုန်းကိုးမြို့ အိတ်ချိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆွမ်းစားကျောင်းဆောင် ရေစက်ချမည်

ရန်ကုန် မတ် ၈

မင်္ဂလာဒုံမြို့နယ်ပုလဲမြို့သစ် သဃ်န်း ကျွန်းကြီးအုပ်စု ကာယရပ်ကွက် (၈/ ၉)လမ်း ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင် တိုက်အတွင်း၌ ကွယ်လွန်သူ ဦးကျော် မြင့်ကိုးနှစ်ပြည့်အား ရည်စူး၍ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်စောရင် မိသားစု တော်ဝင်ရိပ်သာလမ်း၊ ဗဟန်း မြို့နယ်တို့ ဆောက်လုပ်လှူဒါန်းအပ် သော သဒ္ဓါဂုဏ်ရောင် ဆွမ်းစားကျောင်း ဆောင် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဓမ္မဂုဏ်ရောင် ဆရာ တော် အရှင်တေဇိန္ဒ၏ မွေးနေ့မင်္ဂလာ အခါသမယဖြစ်သော (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်)၊ မတ် ၂၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ ကျောင်းတိုက်၏ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက် ကြပါရန် ဖိတ်ကြားထားကြောင်း သိရ သည်။ (က-ပ)

ကျမ်းစာအုပ်များ ရောင်းချလျက်ရှိ

ရန်ကုန် မတ် ၈

သာသနာရေးဝန်ကြီးဌာန သာသ နာရေးဦးစီးဌာန ကမ္ဘာအေး စာပုံနှိပ် တိုက်မှ ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိလျက် ရှိသော ပါဠိတော်များ၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန်များ၊ (၂၀၀၈-၂၀၁၁) ပြဋ္ဌာန်းဇာတက အဋ္ဌကထာ(ကြီး၊ လတ်) စသည့် စာသင်သားသုံးများ၊ ကျမ်းရင်း (၃)ကျမ်း၊ ပါဠိတော်၊ အဋ္ဌ ကထာ၊ မဟာဗုဒ္ဓဝင်၊ ပဋ္ဌာန်းပါဠိတော်၊ ပိဋကသုံးပုံ ပါဠိတော်၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ အဘိဓာန်အတွဲ (၁)မှ (၁၉)၊ လူသေ လူဖြစ် စသော ဝိနိစ္ဆယများ၊ မြတ်ဗုဒ္ဓ၏ တရားစု များ(ပ)တွဲ၊ ဋီကာကျော် မြန်မာပြန် (ပ)(ဒု)(တ)၊ ဆယ်စောင်တွဲ၊ ဝတ်ရွတ် စဉ် ဗုဒ္ဓနိုင်ငံတော်၊ မင်္ဂလအမြုတေ၊ အမေးတော်ဖြေ၊ စလင်းဝိနည်း(ပ) (ဒု)(တ)၊ အခြေခံ အဘိဓမ္မာ သရုပ်နှင့် အဓိပ္ပာယ်၊ လစဉ်ထုတ် သာသနာ့ ရောင်ခြည်နှင့် အခြားလေ့လာ မှတ်သား ဖတ်ရှုဖွယ် ကျမ်းစာအုပ်ကောင်း အမျိုး မျိုးတို့ကို ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဦးစီးဌာန ကျမ်းစာအုပ် အရောင်းဆိုင်တွင် ဈေးနှုန်းမှန်ကန် စွာဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူ လှူဒါန်းလိုသည့် ဓမ္မဒါနအလှူရှင်များ သည် ကျမ်းစာအုပ်များကို ဖုန်း- ၆၆၀၈၄၃၊ ၆၆၀၄၆၃ တို့သို့ ဆက် သွယ်ဝယ်ယူနိုင်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက်အဓိဋ္ဌာန်တရားပွဲ

ရန်ကုန် မတ် ၈

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ လစဉ်ကျင်းပမြဲဖြစ်သော အဓိဋ္ဌာန်တရားပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ မတ် ၁၆ ရက်မှ ၂၃ ရက်ထိ ခုနစ်ရက် တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်သည်။ စခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြု အဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တသီဟ(ပုသိမ်) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့သမထဝိပဿနာတရားတော်များချီးမြှင့်ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မတ် ၁၅ရက် (စနေနေ့)ညနေ ၅ နာရီ အရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြ ပြီး နေ့ဆွမ်း၊ အရဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပို့ချ

ရန်ကုန် မတ် ၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန တိုင်းရုံးခွဲ(ရွာသာကြီး)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်အေးလွင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော် လွင်တို့သည် မတ်၁ရက်က ရန်ကုန်မြို့ သိမ်ဖြူကွင်းရှိ ယာဉ်မောင်းသင်တန်း ကျောင်းများ၌ သင်တန်းသား၊ သင်တန်း သူ ၈၄ ဦးအား ယာဉ်မောင်းနှင်ခြင်း မပြုမီ စစ်ဆေးရမည့် အချက်များ၊ ကျော်မတက်ရ၊ မရပ်ရမည့်နေရာများ၊ မူးယစ်သောက်စားမောင်းနှင်ခြင်းနှင့် မဆင်မခြင်မောင်းနှင်ခြင်းမပြုရန် ကိစ္စ ရပ်များ၊ အန္တရာယ်သတိပေးခြင်း၊ တား မြစ်ခြင်း၊ ကန့်သတ်ခြင်း၊ အမိန့်ပေး ညွှန်ပြခြင်း၊ လမ်းပေါ်လမ်းညွှန် အမှတ် အသားများ၊ ဆေးရေး အမှတ်အသား များနှင့် အခြားယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းများအား ရှင်းလင်းဟော ပြော ပို့ချခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (သတင်းစဉ်)

ပထမအကြိမ် အမှုကြားနာစစ်ဆေးပြီးလျှင် ဗြိတိန်နိုင်ငံသို့ ပြန်လည်သွားရောက်ခွင့်တောင်းမည့် ဝန်ကြီးချုပ်ဟောင်းသက်ဆင်နှင့် ဇနီးကို မတ် ၇ ရက်က ဗန်ကောက်မြို့၌ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပထမအကြိမ် တရားရုံး၌ ကြားနာစစ်ဆေးပြီးနောက် သက်ဆင် ထိုင်းမှ ပြန်လည်ထွက်ခွာရန်ခွင့်ပြုချက်တောင်းမည်

ဗန်ကောက် မတ် ၇

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် မတ် ၁၂ရက်တွင် ပထမအကြိမ် တရားရုံး၌ ၎င်း၏ အမှုကို ကြားနာစစ်ဆေးပြီးနောက် ပိုင်း၌ ဗြိတိန်နိုင်ငံသို့ သွားရောက်ခွင့်ပြုရန် နိုင်ငံတော် တရားရုံးချုပ်၌ ခွင့်ပြုချက် တောင်းခံမည်ဖြစ်ကြောင်း ၎င်းက မတ် ၆ ရက်တွင် ပြောကြားသည်။ သက်ဆင်က ဗန်ကောက်ပို့စ် သတင်းဌာနသို့ ပြောကြားရာတွင် ၎င်း၏ မန်ချက်စတာစီးတီး ဘောလုံးအသင်း လုပ်ငန်းကိုကရုစိုက်လုပ်ဆောင်ရန်အင်္ဂလန်သို့ သွားရခြင်းဖြစ်သည်ဟု ဆိုသည်။

သက်ဆင်သည် တရားရုံး၌ ၎င်း၏ အမှုကို ပထမအကြိမ် စစ်ဆေးပြီးနောက် မတ် ၁၃ ရက်တွင် အင်္ဂလန်သို့ ထွက်ခွာမည်ဖြစ်သည်။

မတ် ၁၂ရက်တွင် နိုင်ငံတရားရုံးချုပ်က သက်ဆင်နှင့် ၎င်း၏ဇနီးအား ၂၀၀၃ ခုနှစ်၌ ဗန်ကောက်မြို့လယ်ရှိ မြေဝယ်ယူခြင်းနှင့်ပတ်သက်၍ အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုမှုကို ပထမအကြိမ် ကြားနာစစ်ဆေးမည်ဖြစ်သည်။

သက်ဆင်က အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုခြင်းကို ရင်ဆိုင်ရန် ဖေဖော်ဝါရီ ၂၈ရက်က ထိုင်းနိုင်ငံသို့ ပြန်လာခြင်းဖြစ်သည်ဟု ဆိုသည်။

၂၀၀၆ခုနှစ်၌ စစ်ဘက်က အာဏာသိမ်းယူပြီး ဝန်ကြီးချုပ်သက်ဆင်ကို ဖြုတ်ချခဲ့သော်လည်း လက်ရှိဝန်ကြီးချုပ် ဆာမတ်ခ်ဆန်ဒါရာဗေ့သို့ အမှုရင်ဆိုင်မည်ဖြစ်ကြောင်းသက်ဆင်က ဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့သည်။

ထိုသို့ ဖုန်းဆက်ရာ၌ နိုင်ငံရေးဆွေးနွေးခြင်းမရှိသည့်အပြင် မည်သည့် အကြံဉာဏ်မျှလည်းပေးခြင်း မပြုလုပ်ခဲ့ကြောင်း သက်ဆင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကျူးဘား၌ ၅၅နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များတွေ့ဆုံ ဇီဝလောင်စာအကြောင်းဆွေးနွေး

ဟာဗားနား မတ် ၇

(၁၀)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ စီးပွားရေးပါရဂူများ တွေ့ဆုံပြီး အသစ်တိုးတက်ဖြစ်ပေါ်မှု ပြဿနာရပ်များဖြစ်သည့် ဇီဝလောင်စာအကြောင်းကို နိုင်ငံပေါင်း ၅၅ နိုင်ငံမှ ကျွမ်းကျင်ပညာရှင် ၁၀၀၀ ကျော်တို့က မတ် ၆ ရက်၌ ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲ၌ ဘယ်လ်ဂျီယံ၊ စပိန်၊ မက္ကဆီကိုနိုင်ငံနှင့် အခြားနိုင်ငံများက ဇီဝလောင်စာ တိုးတက်မှုကို အကြံပြုဆွေးနွေးခြင်းနှင့် အကျိုးအမြတ်ရရှိရန် လုပ်ဆောင်ခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ပညာရှင်များက အစည်းအဝေး၌ လက်တင်အမေရိကနိုင်ငံအခြေအနေနှင့် အခြားနိုင်ငံတကာနှင့် ဒေသဆိုင်ရာ ပြဿနာများအကြောင်းကို စိစစ်ဆွေးနွေးကြမည်ဖြစ်သည်။

ကျွမ်းကျင်ပညာရှင်များက နိုင်ငံခြားငွေကြေးစနစ်လွတ်လပ်မှု၊ လက်တင်အမေရိကတွင်ငွေကြေးဆိုင်ရာအဆောက်အအုံသစ်တစ်ခု တည်ဆောက်ရန်လိုအပ်မှုအပေါ် မတ် ၅ရက်က သဘောတူခဲ့ကြသည်။

၎င်းအစည်းအဝေး၏ ရည်မှန်းချက်သည် လောလောဆယ် ကမ္ဘာ့နိုင်ငံများကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများရှာဖွေရန်နှင့် ကမ္ဘာလုံး လွှမ်းခြုံတိုးတက်သည့် အခြေအနေတွင် ဆင်းရဲသော နိုင်ငံများကို ဦးစားပေးအနေဖြင့် သတ်မှတ်ဆက်ဆံရန်ဟူသော အချက်များ ပါဝင်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များစီးနင်းတိုက်ခိုက် အယ်လ်ခိုင်ဒါ စစ်သွေးကြွအဆက်အနွယ်ကိုးဦးသေဆုံး

ဘဂ္ဂဒက် မတ် ၇

အီရတ်နိုင်ငံ နိုင်းဗတ်ချ်ပြည်နယ် တယ်လ်အဖာမြို့အနီးရှိ အယ်လ်ခိုင်ဒါ စစ်သွေးကြွအဆက်အနွယ်များကိုအမေရိကန်နှင့် အီရတ်တပ်ဖွဲ့များက စီးနင်းတိုက်ခိုက်ရာ သေနတ်သမားကိုးဦး အသေရမိပြီး အခြားရှစ်ဦးကို အရှင်ဖမ်းမိကြောင်း အမေရိကန်စစ်ဘက်က မတ် ၆ရက်တွင် ပြောကြားသည်။

ဆွန်နီလူမျိုးစုများ ကြီးစိုးရာနိုင်းဗတ်ချ်ပြည်နယ်မြို့တော်မိုဆူးလ်အနောက်ဘက် ကီလိုမီတာ ၇၀ခန့်အကွာရှိ တယ်လ်အဖာမြို့ရှိ အယ်လ်ခိုင်ဒါအဆက်အနွယ် လေ့ကျင့်ရေးစခန်းကို မတ် ၂ရက်က တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိကြောင်း၊သေနတ်သမား ကိုးဦး သေဆုံးပြီး အခြားရှစ်ဦးကို ဖမ်းဆီးမိကြောင်း၊အီရတ်အရပ်သားသုံးဦးဒဏ်ရာရရှိကြောင်း စစ်ဘက်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

စန်တိုဒိုမင်ဂို၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် ထိပ်သီးအစည်းအဝေး၌ လက်တင်အမေရိက သုံးနိုင်ငံ ပြဿနာ ဆွေးနွေးရေးသဘောတူအပြီး ဗင်နီဇွဲလား၊ နီကာရာဂွာနှင့် အီကွေဒေါနိုင်ငံတို့မှ ခေါင်းဆောင်များအား မတ် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂျပန်အနောက်ပိုင်းပင်လယ်၌ သင်္ဘောသုံးစင်းတိုက်မိ ဖိလစ်ပိုင်သင်္ဘောသား တစ်ဦးသေဆုံး

တိုကျို မတ် ၇

ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းလွန်တွင် မတ် ၅ရက်မွန်းလွဲပိုင်းက သင်္ဘောသုံးစင်းတိုက်မိရာတစ်စင်းမှာတိမ်းမှောက်ပြီး လူတစ်ဦးသေဆုံးသွားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အာကာရှိ ရေလက်ကြားတံတား အရှေ့ဘက်၂ဒသမ၅ကီလိုမီတာ အကွာရှိ ရေပြင်၌ မွန်းလွဲ ၂ နာရီခွဲခန့်တွင် သင်္ဘောသုံးစင်း တိုက်မိကြောင်း၊ အဆိုပါ သင်္ဘောတိုက်မှုတွင် ကုန်တင်သင်္ဘောနှင့် လောင်စာတင်သင်္ဘောတို့ပါဝင်ကြောင်း ဒေသဆိုင်ရာ ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ဘီလစ်ဇ်အမည်ရှိ ကုန်တင်သင်္ဘောပေါ်တွင် ဖိလစ်ပိုင်သင်္ဘောသား ကိုးဦး လိုက်ပါလာသည်။ ယင်းသင်္ဘောသည် အိုဆာကာဆိပ်ကမ်းမှ တောင်ကိုရီးယားသို့ ဦးတည်သွားနေရာမှ သင်္ဘောချင်း တိုက်မိပြီး ခဏအကြာတွင် နစ်မြုပ်ခဲ့သည်။ ကယ်ဆယ်လိုက်နိုင်သော သင်္ဘောသား ခြောက်ဦးအနက် တစ်ဦးမှာ ဒေသဆိုင်ရာ ဆေးရုံ၌ သေဆုံးခဲ့သည်။ ကျန်သင်္ဘောသား သုံးဦးသည် ပျောက်ဆုံးလျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့များက ပြောကြားသည်။

ကနဦး စုံစမ်းမှုများအရ ကုန်တင်သင်္ဘောနှင့်လောင်စာတင်သင်္ဘောတို့ တိုက်မိပြီးနောက်တွင် တတိယသင်္ဘော၏ပဲ့ပိုင်းနှင့် ထပ်မံတိုက်မိခြင်း ဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်သမ္မတ တူရကီသို့ အလည်အပတ်ရောက်ရှိ

အန်ကာရာ မတ် ၈

အီရတ်နိုင်ငံမြောက်ပိုင်းတွင်ခြေကုပ်ယူထားသော ကာ့ဒ်ပီကေကေ သူပုန်များအား တူရကီက မြေပြင်ထိုးစစ် ဆင်နွှဲပြီးနောက် တစ်ပတ်မျှ အကြာတွင် အီရတ်သမ္မတ ဂျာလယ်တာလီဘာနီသည် နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေဖြင့် တူရကီနိုင်ငံသို့ သောကြာနေ့က ပထမဆုံးအကြိမ် အလည်အပတ် သွားရောက်ခဲ့သည်။

တာလီဘာနီ၏ အလည်အပတ် ခရီးစဉ်သည် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်သော တူရကီနှင့် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်နှင့် လုံခြုံရေးရာဆက်ဆံမှုများကို တိုးမြှင့်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်လူမျိုးများက ကိုယ်ပိုင်နိုင်ငံ ထူထောင်မည့်အရေးနှင့် ပီကေကေ သူပုန်များ၏ ပြဿနာကြောင့် လွန်ခဲ့သောနှစ်များအတွင်း၌ အီရတ်နှင့် တူရကီဆက်ဆံရေးသည် နွေးထွေးခြင်း မရှိခဲ့ပေ။

အီရတ်မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးဖြစ်သော အီရတ်သမ္မတသည် တူရကီသမ္မတ အနုလပ်ဂေါဇ်နှင့်လည်းကောင်း၊ ဝန်ကြီးချုပ် တေရစ်အာဒိုဂန်နှင့်လည်းကောင်း ခရီးစဉ်အတွင်း၌ တွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။ အီရတ်နှင့် တူရကီ စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲသို့လည်း တက်ရောက်မည်ဖြစ်သည်။

အီရတ်သမ္မတနှင့်အတူ ဘဏ္ဍာရေး၊ ရေနံ၊ ရေအရင်းအမြစ်၊ အမျိုးသားလုံခြုံရေးနှင့် စက်မှုဝန်ကြီးများလည်း လိုက်ပါခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘာကူဘာဒေသတွင် လုံခြုံရေးဆောင်ရွက်နေသော အီရတ်တပ်ဖွဲ့ဝင်များကို မတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ –အင်တာနက်)

ဂျေရုဆလင်၌ တိုက်ခိုက်မှုဖြစ်ပွား အစ္စရေးကျောင်းသားရှစ်ဦးသေဆုံး

ဂျေရုဆလင် မတ် ၇

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ ကာရတ်မိုရှီရပ်ကွက်တွင် မတ် ၆ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ အစ္စရေးကျောင်းသား ရှစ်ဦးထက်မနည်း သေဆုံးကြောင်း မဂန်ဒေးဗစ်အဒမ်(အမ်ဒီအေ)အရေးပေါ်ကုသရေးဌာနက ဆင်ဟွာသို့ ပြောကြားသည်။

ယင်းပစ်ခတ်မှု ဖြစ်ပွားခြင်းကြောင့် ကျောင်းသားရှစ်ဦးအပြင် နောက်ထပ်ပြင်ပမှ ထိခိုက်ဒဏ်ရာရရှိသူကို ဖော်ပြခြင်းမရှိချေ။

၎င်း အကြမ်းဖက်သမားများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်စီးရန်ကြိုးစားနေခြင်းဖြစ်ကြောင်း၊ သို့သော် အစ္စရေးအစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ယင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နိုင်ငံအတွင်းရှိ ခရိုင် ရဲတပ်ဖွဲ့များနှင့် အစ္စရေးနယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို တိုးချဲ့ချထားသည့်အပြင်တပ်လှန့်ထားလိုက်သည်။ ယင်းသို့ တိုးမြှင့်ချထားခြင်းမှာ တိုက်ခိုက်မှု ထပ်မံဖြစ်ပွားမည့် အန္တရာယ်အား ကြိုတင်ကာကွယ်သည့် အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ



ဆီနိတ်တာ ဘာရက်အိုဘားမားကို ထောက်ခံအားပေးသူများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror **နိုင်ငံတကာရေးရာ သတင်းများ**

ရုရှားသမ္မတ ရွေးချယ်ပွဲတွင် မက်ဗီဒက်ဗ်အောင်ပွဲခံ

မော်စကို မတ် ၇

ရုရှားနိုင်ငံတွင် မတ် ၂ရက်က ကျင်းပသည့် ရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်များအရ ရုရှားနိုင်ငံ ပထမဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဗ် အနိုင်ရရှိကြောင်း မတ် ၇ရက်တွင် ရွေးကောက်ပွဲအာဏာပိုင်များက တရားဝင် ထုတ်ပြန်ကြေညာသည်။

မက်ဗီဒက်ဗ်သည် သတ်မှတ်အဆင့် ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်ပြီး မဲအရေအတွက် ၇၀ဒသမ၂၈ ရာခိုင်နှုန်းဖြင့် သမ္မတရွေးကောက်ပွဲကို အောင်နိုင်ခဲ့ကြောင်း မော်စကိုမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရုရှားရွေးကောက်ပွဲကျင်းပရေး ဗဟိုကော်မရှင် (စီအီးစီ)မှ ဒုတိယဥက္ကဋ္ဌ စတာနီစလက်ဗ်ဗာမီလို့ဗ်က ပြောကြားသည်။

မတ် ၂ ရက်က ကျင်းပသည့် ရွေးကောက်ပွဲ၏ နောက်ဆုံးမဲရလဒ်ကို ရွေးကောက်ပွဲကျင်းပရေးအဖွဲ့က မတ်၇ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ရုရှားနိုင်ငံ၏ ပထမဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဗ်က အဆိုပါရွေးကောက်ပွဲ၌ အနိုင်ရရှိကြောင်း အတည်ဖြစ်လာသည်။

အသက် (၄၂)နှစ်ရှိ မက်ဗီဒက်ဗ်သည် ရုရှားနိုင်ငံတွင် အသက်အငယ်ဆုံး သမ္မတဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် နောက်ဆုံးမဲဆန္ဒရလဒ်များကို တရားဝင်ကြေညာခဲ့ပြီးနောက် ရုရှား တူဒေးရုပ်သံ၌ ၎င်းအား ထောက်ခံသူများကို မက်ဗီဒက်ဗ်က နှုတ်ခွန်းဆက်ခဲ့ပြီး ပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများတွင် ကွန်မြူနစ်ပါတီခေါင်းဆောင် ဂျန်နာဒီဇူဂါနော့ဗ်က ၁၇ ဒသမ ၇၂ရာခိုင်နှုန်း၊ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ဗလာဒီမာဇိုင်ရင်နော့စကီးက ၉ဒသမ ၃၆ ရာခိုင်နှုန်းနှင့် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် အန်ဒရေဘိုဒါနို့ဗ်က မဲအရေအတွက်၏ ၁ဒသမ၂၈ရာခိုင်နှုန်းသာရရှိခဲ့ကြသည်။

ရွေးကောက်ပွဲ၌ မဲပေးသူ အရေအတွက်သည် ၇၄ဒသမ၇၅ဦးရှိသည်။ (သို့မဟုတ်) မဲပေးပိုင်ခွင့်ရှိသူ၏ ၇၀ ရာခိုင်နှုန်းတို့ လာရောက်မဲပေးကြသည်ဟု ဆိုသည်။

ရွေးကောက်ပွဲတွင် စုစုပေါင်း မဲပေးပိုင်ခွင့်ရှိသူဦးရေသည် ၁၀၉သန်းရှိသည်။ မဲပေးရာ၌ ဝေးလံသီခေါင်သော ဒေသများတွင် နေထိုင်သူများအတွက် မဲပေးပွဲကို မတ် ၂ ရက် ရွေးကောက်ပွဲနေ့မတိုင်မီ ရက်သတ္တပတ်နှစ်ပတ်ခန့်ကတည်းက ကြိုတင်မဲပေးပွဲ ကျင်းပပေးခဲ့သည်။

ယခုရွေးကောက်ပွဲကို အနိုင်ရရှိခဲ့သူ မက်ဗီဒက်ဗ်သည် ပူတင်၏ မူဝါဒအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု အကြိမ်ကြိမ်အခါခါ ပြောကြားခဲ့ပြီးဖြစ်သည်။

၎င်းသည် ဥပဒေ ပါမောက္ခဟောင်းတစ်ဦးဖြစ်ပြီး ပူတင်နှင့်လည်း ရင်းနှီးကျွမ်းဝင်သူ ဖြစ်သည်။ သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲကို မေ ၇ရက်တွင် ကျင်းပမည်ဟု မျှော်လင့်ရကြောင်း သတင်း၌ ဖော်ပြထားသည်။

အင်တာနက်။

ယိုမင်းနှင့် မစ္စစ္စပီမဲဆန္ဒနယ် ရွေးကောက်ပွဲအတွက် အိုဘားမားနှင့် ကလင်တန် အပြိုင်မဲဆွယ်

ဝါရှင်တန် မတ် ၈

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် သတ်မှတ်ခံနိုင်ရေးအတွက် ဟီလာရီကလင်တန်နှင့် ဘာရက်အိုဘားမားတို့သည် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

ဟီလာရီ ကလင်တန်သည် မတ် ၄ ရက်က ပြုလုပ်သော အရေးပါသည့် မဲဆန္ဒနယ်လေးခုတွင် အိုဟိုင်းယိုး၊ တက္ကဆက်နှင့် ရိုဒီစ်အိုင်လင် သုံးနယ်၌ အနိုင်ရလိုက်သဖြင့် စည်းရုံးရေးလုပ်ငန်းများ ပြန်လည် ထူထူထောင်ထောင် ဖြစ်လာသည်။

အတန်ငယ်သာနေဆဲ

သို့ရာတွင် ပါတီတွင်း ကိုယ်စားလှယ်မဲရရှိမှုတွင် အိုဘားမားသည် ကလင်တန်ထက် အတန်ငယ် သာနေဆဲဖြစ်သည်။

ဒီမိုကရက်ပါတီတွင်းမှ ယှဉ်ပြိုင်ဘက်နှစ်ဦး၏ အခြေအနေသည် ပြတ်သားစွာ အနိုင်ရမည့် အခြေအနေမျိုးကို မတွေ့ရသည့်အတွက် အဖြေသဲသဲကွဲကွဲသိရစေရန် မစ်ချီဂန်နှင့် ဖလော်ရီဒါ မဲဆန္ဒနယ်များတွင် အခြေခံရွေးကောက်ပွဲများပြုလုပ်ရေး စီစဉ်ရမည်ကဲ့သို့ ဖြစ်လျက်ရှိသည်။

ဆက်လက်ယှဉ်ပြိုင်

မစ်ချီဂန်နယ်၏ ရွေးချယ်ပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့ပြီး ဖလော်ရီဒါနယ် ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်ဘက် ဆီနိတ်တာကလင်တန်နှင့် အိုဘားမားတို့သည် မဲရွေးပွဲတွင် အနိုင်ရရှိသည်အထိ ရှေ့သို့သာတိုး၍ ယှဉ်ပြိုင်ရမည့် အခြေအနေရှိသည်။ ၎င်းတို့နှစ်ဦးသည် မတ် ၈ ရက်တွင် ယိုမင်း၌ ယှဉ်ပြိုင်ပြီး မတ် ၁၁ ရက်တွင် မစ္စစ္စပီ၌ ဆက်လက်ယှဉ်ပြိုင်ကြရဦးမည်ဖြစ်သည်။

လေ့လာတွေ့ရှိ

မဲပေးပွဲမစမီ အကြိုပြည်သူ့သဘောထားလေ့လာချက်များအရ အိုဘားမားက ကလင်တန်ထက် မဆိုစလောက် လူကြိုက်များသည့် အခြေအနေရှိသည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

အင်တာနက်။

ဆီနိတ်တာ ဟီလာရီကလင်တန် မဲဆွယ်စည်းရုံးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွား ၆၈ ဦးသေဆုံး၊ ၁၂၀ ခန့်ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ် လူသွားလမ်းတွင် ကြာသပတေးနေ့ ညနေက ဗုံးရှစ်လုံးပေါက်ကွဲသဖြင့် သေဆုံးသူဦးရေသည် ၆၈ ဦးရှိပြီး အခြားလူ ၁၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

ကြာသပတေးနေ့ ဒေသစံတော်ချိန် ည ၇ နာရီခန့်က ဘဂ္ဂဒက်မြို့လယ် ရှီးယိုက်များနေထိုင်သည့် လူစည်ကားရာ ကာရာဒါဒေသရှိ လူသွားလမ်းတွင် လမ်းဘေး ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများက အခင်းဖြစ်ပွားရာသို့ လာရောက်စုပြုံနေကြစဉ် အသေခံဗုံးဖောက်ခွဲသူက လူအုပ်အတွင်းဝင်ရောက်ကာ နောက်ထပ် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်သမားများက အဆိုပါ ဗုံးဖောက်ခွဲသည့်နည်းလမ်းကို ထပ်တလဲလဲ အသုံးပြုလျက်ရှိသည်။ လူစုလူဝေးအတွင်း ပထမအကြိမ်ဗုံးဖောက်ခွဲခဲ့ပြီး ဒုတိယဗုံးမဖောက်ခွဲမီ အထူးသဖြင့် လုံခြုံရေးနှင့် ဆေးတပ်ဖွဲ့ဝင်များ လာရောက်စဉ် ၎င်းတို့က ဒုတိယအကြိမ်မြောက် ဗုံးဖောက်ခွဲခြင်းဖြင့် လူအများ သေစေသည့်နည်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ သောကြာနေ့နံနက်ပိုင်းကလည်း မိုဆူးလ်မြို့တွင် အခြားဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ မိုဆူးလ်မြို့လယ်ရှိ ဝက်ကပ်စ်ရဲဌာနအတွင်း အသေခံဗုံးဖောက်ခွဲသူကဝင်တိုက်ခဲ့ပြီး ဗုံးပေါက်ခွဲခြင်းဖြစ်သည်။ ယင်းကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲဌာနက ပြောကြားသည်။ ***အင်တာနက်။***

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်ဒေသ၌ ခွေးပြိုင်ပွဲ ပြုလုပ်နေသည်ကို မတ် ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ဆေး

စပိန်နိုင်ငံမြောက်ပိုင်း မွန်ဒရာဂွန်အရပ်တွင် ဆိုရှယ်လစ်ပါတီမှ ပါတီဝင်တစ်ဦး လုပ်ကြံခံရပြီးနောက် ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို မတ် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗုံးဖောက်ခွဲမှု မသင်္ကာသူသုံးဦးကို ပါကစ္စတန် ရဲတပ်ဖွဲ့က ဖမ်းဆီး

လာဟိုး(ပါကစ္စတန်) မတ် ၈

လာဟိုးမြို့ရှိ ရေတပ်ကောလိပ်၌ ဗုံးတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူငါးဦးသေဆုံးပြီးနောက် နှစ်ရက်အကြာတွင် လာဟိုးမြို့၌ ကြာသပတေးနေ့က အသေခံဗုံးဖောက်ခွဲခဲ့ရာ၌ ပါဝင်ခဲ့သည်ဟု သံသယမကင်းဖြစ်ရသူ သုံးဦးကို ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ပါကစ္စတန်တပ်ဖွဲ့ဝင်များက အစ္စလမ္မာဘတ်မြို့ရှိ အစွန်းရောက်များ၏ အဆောက်အအုံကို ဇူလိုင်လအတွင်းက စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ယခုနှစ်အတွင်း လူ ၅၀၀ ကျော်သေဆုံးသော ပေါက်ကွဲမှုနှင့် လွန်ခဲ့သည့် ရက်သတ္တပတ်က လူ ၈၀ ကျော် သေဆုံးသော ဗုံးဖောက်ခွဲမှုတို့ဖြစ်ခဲ့သည်။

အာဖဂန်နစ္စတန်နယ်စပ်ရှိ ပက်ရှ်တွန်လူမျိုးစုငယ်ဒေသမှ လာဟိုးမြို့သို့ ဖောက်ခွဲရေးလုပ်ငန်းများပြုလုပ်ရန် ဦးတည်လာနေကြောင်း ရဲတပ်ဖွဲ့က သတင်းရရှိခဲ့ပြီး မသင်္ကာသူသုံးဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းတို့အား စုံစမ်းစစ်ဆေးရာမှ အစိုးရဌာနမှ အရေးကြီးသော အဆောက်အအုံများနှင့် အရေးပါသည့်ပုဂ္ဂိုလ်များကို ဗုံးဖောက်ခွဲတိုက်ခိုက်ရန် အစီအစဉ်ရှိသည်ဟု ၎င်းတို့က ထုတ်ဖော်ပြောကြားသည်ဟု ရဲတပ်ဖွဲ့အကြီးအကဲ အစ်ဘယ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေရိုက်တာ။

နိုင်ငံရေးသမား၊ ပြည်သူ့တာဝန်နှင့် အနာဂတ်အရေး

ကိုမြောင့်

ကျွန်တော် နိုင်ငံရေးသမားမဟုတ်ပါ။ နိုင်ငံရေးအခြေအနေ အရပ်ရပ်ကို စိတ်ဝင်စားလို့ လေ့လာနေသူမျှသာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် လုပ်စရာတွေ အများကြီးရှိမှန်း သိလာတာနဲ့အမျှ ကိုယ့်တိုင်းပြည် တိုးတက်ရေးနဲ့ ပြည်သူလူထုကို အသိပေးသင့်တာပေးနိုင်ဖို့ စဉ်းစားရပါတယ်။ အသိတူမှ အလုပ်တူမှာ ဖြစ်လို့ပါ။ ဒီတော့ သိသင့်သိထိုက်တာကို ဘယ်သူ့ဘက်မှ မျက်နှာမလိုက်ဘဲ အရှိအတိုင်း ပြောရမယ်လို့ ယုံကြည်ထားပါတယ်။ အစိုးရဘက်ကိုလည်း ဘက်မလိုက်ပါ။ အစိုးရကို ဆန့်ကျင်နေသူများဘက်မှလည်း မနေပါ။ မိမိသိထားသမျှအပေါ်မှာ အခြေအနေမှန်အတိုင်း သုံးသပ်တင်ပြနိုင်ဖို့က ဘက်လိုက်တဲ့ စိတ်မရှိမှ ဖြစ်မယ်မှန်း သိထားပါတယ်။

၉-၂-၂၀၀၈ ရက် ညပိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကနေ (၁/၂၀၀၈) ကြေညာချက်နဲ့ (၂/၂၀၀၈)ကြေညာချက်နှစ်ခုကို ထုတ်ပြန်ကြေညာသွားပါတယ်။ ပထမကြေညာချက်ကတော့ ပြည်သူတွေနားလည်ထားတဲ့ ဆန္ဒခံယူပွဲကိစ္စဖြစ်ပါတယ်။ ဒုတိယကြေညာချက်ကတော့ ရွေးကောက်ပွဲကိစ္စဖြစ်ပါတယ်။ ကြေညာချက်နှစ်ခုစလုံးကတော့ အတိတ်ကိုပြည်ဖုံးကားချပြီး တိုင်းပြည်နဲ့ပြည်သူအတွက် လက်ရှိလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာရောက်မယ့် သမိုင်းဝင်ဆောင်ရွက်ချက်များဖြစ်တယ်လို့ ရိုးသားစွာ ယုံကြည်မိပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ပအသံလွှင့်ချက်တွေကို နားမထောင်ခဲ့တာ လပေါင်းများစွာကြာပါပြီ။ အခုတော့ ပြန်နားထောင်မိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကြေညာချက်နှစ်ရပ်နဲ့ ပတ်သက်ပြီး တုံ့ပြန်မှုလေးတွေကို ကြားချင်လို့ပါ။ ထင်တဲ့အတိုင်းပါပဲ။ ဆန္ဒခံယူပွဲကို မထောက်ခံဖို့၊ ဖျက်ဆီးပစ်ဖို့ စတဲ့ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့ အသံလွှင့်မှုတွေကိုသာ ဦးစားပေးလွှင့်ထုတ်တော့တာပါပဲ။ နားကြားပြင်းကတ်တယ်ဆိုပြီး ဒီတစ်ခါတော့ ပိတ်မပစ်တော့ပါဘူး။ သေချာနားထောင်ပါတယ်။ အကြောင်းရှိလို့ပါ။ နိုင်ငံရေးသမားတွေဟာ အပြောတစ်မျိုး အလုပ်တစ်မျိုးက များပါတယ်။ ဒီတော့ သေချာနားထောင်ထား၊ အသံဖမ်းထား၊ မှတ်တမ်းတင်ထားမှ ဖြစ်တော့မှာမို့ပါ။ နို့မို့ဆိုရင် သူတို့ထုံးစံအတိုင်း ပြည်သူ့မျက်နှာကို မငဲ့ဘဲ လုပ်ချသွားပြီး နောင်ကျမှ သူတို့မလုပ်ရပါဘူး။ သူတို့ပြောခဲ့တာမဟုတ်ဘူးဆိုပြီး ငြင်းလို့မရအောင်လို့ပါ။

၁၉၉၆ ခုနှစ်ကို မှတ်မိကြဦးမယ် ထင်ပါတယ်။ Visit Myanmar Year ပါ။ အဲဒီနှစ်မှာ ကမ္ဘာလှည့် ခရီးသွားတွေကို မြန်မာပြည်မလာကြနဲ့လို့ ပုဂ္ဂိုလ်တစ်ဦးက ပြောခဲ့ပါတယ်။ ဒီစကားတွေရဲ့ သက်ရောက်မှုကြောင့်ပဲ ၂၀၀၃ ခုနှစ်မှာ ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံထားတဲ့ စက်ရုံတွေ၊ ကုမ္ပဏီတွေ အများကြီး ပိတ်သိမ်းပြီး မြန်မာပြည်ကနေ ထွက်ခွာသွားခဲ့ကြပါတယ်။ Sanctionလို့ ခေါ်တဲ့ စီးပွားရေး ပိတ်ဆို့မှုခံရတာကြောင့်ပါ။ ပြည်သူလူထုအနေနဲ့ စီးပွားရေးပိတ်ဆို့မှုဒဏ်တွေကို အလူးအလဲ ခံလာရပြီး မကျေမနပ်တွေ ဖြစ်လာတော့မှ သူတို့မလုပ်ပါဘူးလို့ ငြင်းကြပါတယ်။

အခုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို မထောက်ခံဖို့ ပြောလာပြန်ပြီ။ အခုလိုပြောလာတာကို မပြောနဲ့လို့ မတားနိုင်သော်လည်း ကိုယ့်စကားကိုတော့ ကိုယ်တာဝန်ယူရမယ်လို့ ပြတ်ပြတ်သားသား ကြိုပြောထားပါရစေ။ ကျွန်တော်တို့ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ဖြစ်ဖို့ ကြိုးစားပါဝင်ဆောင်ရွက်သွားမှာပါ။ ပြည်သူများအနေဖြင့်လည်း အရှိကိုအရှိအတိုင်း သုံးသပ်ကြည့်ပါ။ ၁၈-၉-၁၉၈၈ ရက်နေ့ကနေ ဒီကနေ့အထိ ကျွန်တော်တို့ဟာ တပ်မတော်အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ အမှန်တကယ်ရှိနေတာပါ။ တပ်မတော်အစိုးရအုပ်ချုပ်နေတာကို ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ အစားထိုးနိုင်မှာက ဖွဲ့စည်းပုံအခြေခံဥပဒေသာ ဖြစ်ပါတယ်။ ဒါကိုနားမလည်ဘဲ ရလာတဲ့အခွင့်အရေးတစ်ရပ်ကို ပစ်ပယ်လိုက်မယ်၊ ဖျက်ဆီးလိုက်မယ်ဆိုရင် ခုအတိုင်းပဲ ဆက်နေရပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ကတော့ ရာနှုန်းပြည့်အထိ လိုချင်သော်လည်း ရာနှုန်းပြည့်မရလို့ လုံးဝမယူဘူးလို့ ဆုံးဖြတ်ရင် သုညပဲဖြစ်နေမယ်လို့ ခံစားမိပါတယ်။ ၇၅ ရာနှုန်းပဲရရ ရသလောက်ယူပြီး ၁၀၀ ရာနှုန်းပြည့်အောင် တဖြည်းဖြည်း ဖြည့်ဆည်းသင့်တယ်လို့ ယူဆပါတယ်။ ပြည်သူလူထုအနေနဲ့လည်း အဓိကနဲ့ သာမညကို ခွဲခြားသိမြင်ကြပါလို့ အကြံပြုအပ်ပါတယ်။

အတိတ်ကိုမေ့ပစ်ပြီး အနာဂတ်ကောင်းရာကောင်းကြောင်းကိုသာ ညီညီညွတ်ညွတ်လုပ်ကြရင် အလွန်ကောင်းမှာပဲလို့ ဆန္ဒတစ်ခု ဖြစ်ပေါ်လာမိပါတယ်။ ဒါပေမယ့် လွယ်လွယ်နဲ့ ညီညွတ်ရမယ့်အချိန်တွေကို ကျော်လွန်ပြီး ခက်ခဲတဲ့အဆင့်ကို ရောက်နေတာမို့ မမျှော်လင့်ရဲတော့ပါဘူး။ ဘယ်သူလုပ်နိုင်သလဲ၊ ဘယ်သူလုပ်နေသလဲဆိုတာကိုကြည့်ပြီး အားပေးဖို့သာ ပြင်ထားရပါတယ်။ အတိတ်ကိုတော့ မလွမ်းချင်တာအမှန်ပါ။ ဒါပေမယ့် အတိတ်ကို တမ်းတနေသူများက နောက်ပြန်ဆွဲနေတာမို့ ပြည်သူလူထုအနေနဲ့ ရှေ့သို့မဖြစ်ဘဲ နောက်သို့ဆိုတာမျိုးဖြစ်မှာ စိုးရိမ်မိပါတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးမှာ အခြေခံဥပဒေရေးဆွဲရေးတာဝန်ဟာ ရွေးချယ်ခံကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်သွားပါတယ်။ အဲဒီတာဝန်ကို အလွဲသုံးစားပြုပြီး အာဏာအရင်လွှဲပေးပြီးမှ အခြေခံဥပဒေရေးဆွဲမယ်လုပ်လို့ လက်လွတ်ဆုံးရှုံးသွားတာလို့ပဲ ယူဆပါတယ်။ ပြည်သူလူထုလည်း နစ်နာခဲ့ရပါတယ်။ ဒါပေမယ့် အရည်အချင်းမရှိတဲ့ နိုင်ငံရေးသမားတွေလက်ထဲ တိုင်းပြည်ကို ဝကွက်မအပ်လိုက်ရတာပဲ ကံကောင်းသလိုဖြစ်ရပါတယ်။

တစ်ချိန်တည်းမှာပဲ မြန်မာ့ပြည်တွင်းရေး မပြေလည်မှုအပေါ် အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံကြီး တချို့က ဝင်ရောက်စွက်ဖက်လာပါတယ်။ ဒါကြောင့်ပဲ မြန်မာနိုင်ငံသားတွေ စီးပွားရေးပိတ်ဆို့မှုခေါ်တဲ့ စီးပွားရေးအရ တိုက်ခိုက်မှုကို ခံလိုက်ရပါတော့တယ်။ အစိုးရကို ဦးတည်လုပ်တာပါလို့ အသံကောင်းဟစ်ပေမယ့် တစ်နိုင်ငံလုံး အခက်အခဲဖြစ်ကြရတာပါ။ နိုင်ငံရေးသမားများရဲ့ စနက်ကြောင့် ဖြစ်ပါတယ်။ သူတို့အာဏာမင်းဖမ်းမှုကြောင့်ပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူလူထုကို မစာနာဘူးဆိုတာတော့ ထင်ရှားနေပါတယ်။ **ခုချိန်ထိလည်း စီးပွားရေးပိတ်ဆို့ထားတာကို ပြန်ရုပ်သိမ်းပေးပါလို့ တောင်းဆိုပေးမယ့် နိုင်ငံရေးသမား တစ်ယောက်မှ မရှိပါဘူး။ နားမလည်လို့ မတောင်းဆိုမိတဲ့သူတချို့ကို အပြစ်မပြောရက်ပေမယ့် သိသိကြီးနဲ့ တောင်းဆိုမပေးတဲ့ နိုင်ငံရေးသမားတွေကိုတော့ သမိုင်းတရားခံတွေအဖြစ် မှတ်တမ်းတင်ရပါလိမ့်မယ်။** နိုင်ငံရေးသမားကြီးများအနေနဲ့လည်း လက်တွဲပါဝင်စေချင်ပါတယ်။ ငါတို့နဲ့မဆိုင်ဘူး၊ မပါဘူး၊ တောင်းဆိုမပေးနိုင်ဘူးလို့ အဖြေပေး မလား၊ ဒါမှမဟုတ် ဒို့လည်းပါမယ်ဟေ့လို့ အဖြေပေးမလား၊ ပြည်သူတို့အနေနဲ့ မှတ်တမ်းတင်ဖို့သာ ပြင်ထားကြပါတော့လို့ ပြောရပါလိမ့်မယ်။

ဒီတော့ ပြည်သူအများ သတိထားရမှာက အမြော်အမြင်ကောင်း၊ အရည်အချင်းကောင်းတွေရှိတဲ့ နိုင်ငံရေးသမား၊ ပြည်သူကိုစာနာတတ်တဲ့ ခုတုံးမလုပ်တတ်တဲ့ နိုင်ငံရေးသမားတွေကို ရှာဖွေမြှောင်မြှောက်ပေးရပါလိမ့်မယ်။ ဒါမှမဟုတ် ကိုယ်တိုင်ကြိုးစားသင့်က ကြိုးစားစေလိုပါတယ်။ နိုင်ငံရေးသမားတစ်ယောက်ဟာ ပထမဆုံးအနေနဲ့ နိုင်ငံအပေါ် စီးပွားရေးနဲ့ အခြားပိတ်ဆို့ထားမှုတွေ ရုပ်သိမ်းပေးဖို့ ပြည်သူလူထုနဲ့အတူ ပါဝင်တောင်းဆိုပေးခြင်း ရှိ၊ မရှိ အကဲဖြတ်ရပါမယ်။ ဒုတိယကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်လိုဖျက်ဆီးလုပ်၊ မလုပ်ဆိုတာနဲ့ တိုင်းတာရပါမယ်။ **ဒီမိုကရေစီစနစ်ဖြစ်ပေါ်ဖို့ အခြေခံအကျဆုံးဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးပါတီတွေ ထူထောင်ရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ စည်းကမ်းကျနစွာ ထူထောင်ပြီးပါမှ ရွေးကောက်ပွဲဖြစ်လာနိုင်ပါတယ်။ ရွေးကောက်ပွဲမှတစ်ဆင့် အရပ်သား အစိုးရပေါ်လာမှာဖြစ်ပါတယ်လို့ တိုတိုပဲပြောပါရစေ။**

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ အနည်းငယ်ပြောချင်ပါတယ်။ **ကျွန်တော်တို့အားလုံး ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖတ်ဖို့၊ လေ့လာဖို့ လိုအပ်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပါ၊ မပါဆိုတာကို ကျွန်တော်တို့ ပြည်သူတွေ သေချာသိမှ ဖြစ်ပါလိမ့်မယ်။ မသိဘဲနဲ့ ထောက်ခံတာ မလုပ်သင့်သလို ကန့်ကွက်တာလည်း မလုပ်သင့်ပါဘူး။ အလွန်နစ်နာနိုင်ပါတယ်။ ကိုယ်လိုချင်တာတွေ၊ ကိုယ်ဖြစ်ချင်တာတွေ ပါနေပါလျက်နဲ့ သူများမြှောက်ပင့်သွေးထိုးတာကို ယုံစားမှားမိရင် မှားသွားပါလိမ့်မယ်။**

ပြီးပြည့်စုံခြင်းဆိုတာမျိုးကိုတော့ မမျှော်လင့်သင့်ပါဘူး။ ကမ္ဘာပေါ်မှာ အကောင်းဆုံးစနစ်၊ ပြီးပြည့်စုံသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မရှိပါဘူး။ နောင်လည်းရှိမလာနိုင်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်အဖွဲ့ကပဲ ဆွဲဆွဲ ပြည်သူလူထုလိုချင်တာ ပါနေဖို့သာ အဓိကပါ။ လက်ရှိ အခြေအနေမှာတော့ အကောင်းဆုံးလို့ပဲ ပြောရမှာပါ။ လက်ရှိနိုင်ငံရဲ့ ပကတိအခြေအနေအပေါ်မှာ စဉ်းစားသုံးသပ်အဖြေရှာဖို့ ကျွန်တော်တို့ ပြည်သူတွေမှာသာ တာဝန်ကြီးတစ်ရပ်အနေနဲ့ ရှိနေပါတယ်။ ပေါ်လာတဲ့ အခွင့်အရေးကို ပျောက်ပျက်သွားအောင် လုပ်မိရင်တော့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးတယ်လို့သာ မှတ်ယူရတော့မှာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်းမှာ ဒီမိုကရေစီရရှိရေးအတွက် အရေးကြီးတဲ့ တာဝန်တွေ ရှိနေပါတယ်။ အဲဒါတွေကတော့ ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပိတ်ဆို့တားမြစ်မှုများ ဖယ်ရှားပေးဖို့ တောင်းဆိုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ထွန်းလာဖို့ အားပေးကူညီရေး၊ ပြည်သူ့အကျိုးကိုသာ အဓိကဖော်ဆောင်ပေးမယ့် နိုင်ငံရေးသမား(သို့မဟုတ်)ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာဖို့ ရွေးချယ်ပေးနိုင်ရေးတို့ပဲ ဖြစ်ပါတယ်။

ခေတ်တိုင်းမှာ ဖောက်ပြန်တတ်တဲ့ နိုင်ငံရေးသမားတွေကသာ လွှမ်းမိုးခဲ့တော့ ပြည်သူက နိုင်ငံရေးသမားတွေအပေါ် သံသယဖြစ်နေတာဟာ အပြစ်ဆိုစရာမရှိပါ။ ဒါပေမယ့် နိုင်ငံရေးသမားမရှိဘဲနဲ့လည်း တိုင်းပြည်ကို အကောင်အထည်ဖော်လို့မရပါ။ အတွေးအခေါ်၊ အမြော်အမြင်၊ ကိုယ်ကျိုးစွန့်မှုနဲ့ ပြည့်စုံပြီး အကျင့်သီလကောင်းမွန်တဲ့ နိုင်ငံရေးသမားတွေရှိဖို့၊ ပေါ်ပေါက်ဖို့ အဓိက လိုအပ်ပါတယ်။ ပြည်သူအကျိုးကို ဖော်ဆောင်ပေးမယ့် နိုင်ငံရေးသမားကောင်းများ ပေါ်ပေါက်လာရေးဟာ ပြည်သူလူထုမှာသာ အဓိကတာဝန်ရှိကြောင်း မြန်မာပြည် တိုးတက်ကြီးပွားစေလိုသော စိတ်ဆန္ဒဖြင့် ရေးသား အသိပေးလိုက်ရပါတယ်။ ။

မြန်မာနိုင်ငံသားတိုင်းမှာ ဒီမိုကရေစီရရှိရေးအတွက် အရေးကြီးတဲ့ တာဝန်တွေ ရှိနေပါတယ်။ အဲဒါတွေကတော့ ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပိတ်ဆို့တားမြစ်မှုများ ဖယ်ရှားပေးဖို့ တောင်းဆိုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ထွန်းလာဖို့ အားပေးကူညီရေး၊ ပြည်သူ့အကျိုးကိုသာ အဓိက ဖော်ဆောင်ပေးမယ့် နိုင်ငံရေးသမား (သို့မဟုတ်) ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာဖို့ ရွေးချယ်ပေးနိုင်ရေးတို့ပဲ ဖြစ်ပါတယ်။

ယဉ်ကျေးလိမ္မာ လူငယ်တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်၌ လူငယ်လူရွယ်များအတွက် ယဉ်ကျေးလိမ္မာ လူငယ်တရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် မတ် ၃၀ ရက်မှ ဧပြီ ၂ ရက်အထိ၊ န၀မတန်းစာမေးပွဲ ဖြေဆိုပြီးသူများအတွက် ဧပြီ ၃ ရက်မှ ၆ ရက်အထိ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီး သူများအတွက် ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ မွန်းလွဲ ၂ နာရီ အရောက်လာကြရန် ဖြစ်သည်။ ကျန်ရှိသည့် အတန်းခွဲများကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်လိုသူ တက္ကသိုလ်တန်းများ မတ် ၁၁ ရက်၊ န၀မတန်းများ မတ် ၁၃ ရက်၊ ၁၀ တန်းများ မတ် ၂၀ ရက်တို့တွင် ဦးသိန်းဝင်း ဖုန်း-၅၄၀၀၉၂၊ ဦးလှကြည် ဖုန်း-၂၄၆၇၈၈ လိုင်းခွဲ(၃၀)၊ ဦးဝင်းရွှေ (မှော်ဘီ) ဖုန်း-၅၂၀၆၂၀၊ ဦးမျိုးမြင့် (ပဲခူး) ဖုန်း-၀၅၂-၂၂၁၃၆၊ ရှိုင်းဟုပ် ကုမ္ပဏီ ဖုန်း- ၀၉-၅၁၂၆၅၂၃၊ ၀၉-၅၀၀၄၅၈၅၊ ဇာနည်ညီနောင်ဆေးဆိုင် ဖုန်း- ၂၉၃၅၆၇ နှင့် ဒေါ်မြမြဆွေ (နယ်မြို့များ) ဖုန်း- ၀၉-၅၀၂၁၄၈၉ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှော်ကားဥယျာဉ်လမ်း လှော်ကားတောရကျောင်းတိုက်ကြီးအနီး တည်ထားသည့် နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၁ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် ဦးစန်းမောင် ဇနီး ဒေါ်လှလှ၊ သားသမီးမြေးတစ်စု (အဏ္ဏဝါမင်း ဆားကြိတ်စက်နှင့် အဏ္ဏဝါမင်း ဆောက်လုပ်ရေး)က စေတီတော်ကြီး အနောက်ဘက်မုခ်ရှိ လှေကားနှင့် ပဒုမမြတ်စွာဘုရား၊ သိကြားမင်းစမဘွဲ့ရစေတီဖြစ်သည့် မြောက်ဘက်မုခ် ပုဂံစူဠာမဏိနှင့် ၄က်မြတ်နားတော်၊ စိန်ဖူးတော်တို့အတွက် ပထမအရစ် ငွေကျပ် သိန်း ၁၀၀ ကို ဆရာတော်အရှင် ဂန္ဓသာရ ရှေ့မှောက်တွင် စေတီတော်ဖြစ်မြောက်ရေး ကော်မတီထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင် တိုက်၌ အသစ်တည်ဆောက်လျက် ရှိသော သုံးထပ်ကျောင်းတော်ကြီး အတွက် လှိုင်မြို့နယ် အမှတ်(၇) ရပ်ကွက် မယ်ဇီကုန်းလမ်းနေ ဦးရွှေတိုး-ဒေါ်စိန်မိသားစုက အလှူငွေ ကျပ်ရှစ်သိန်းကို ကြံခင်းကျောင်း တိုက် (သြဝါဒါစရိယ ဆရာတော်) အရှင်ပဏ္ဍိစ္စအား ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်၊ ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်ဇော်ဝင်းနှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၄ ရက်က ငါးခုံးမသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ဈေးပိုင်းရပ်နေ တောင်သူလယ်သမားကြီး ဦးသန်းရွှေ၏ နွေစပါးဧက ၃၀၀အတွင်း ငါးမျိုး စိုက်ထည့်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးဝါးဗေဒအဖွဲ့၏ 9th Refresher Course ပြုလုပ်မည်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးဝါးဗေဒအဖွဲ့က ကြီးမှူးပြုလုပ်မည့် "Update and Rational Use of Antimicrobial agents" ခေါင်းစဉ်ဖြင့် (9th Refresher Course)ကို မတ် ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆေးတက္ကသိုလ်(၁) ရန်ကုန်(လမ်းမတော်) စာသင်ဆောင်(၁)နှင့် စာသင်ဆောင်(၂)တို့တွင် ပြုလုပ်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများသည် ဆေးဝါးဗေဒဌာန ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်တို့တွင် ကြိုတင်မှတ်ပုံတင်ခြင်းကို မတ် ၁၃ ရက်မှစ၍ ပြုလုပ်နိုင်ပြီး Refresher Course ပြုလုပ်မည့်နေ့ နံနက် ၈ နာရီတွင်လည်း ဆေးတက္ကသိုလ်(၁) ရန်ကုန်(လမ်းမတော်) စာသင်ဆောင်(၁)၌ မှတ်ပုံတင်ပြီး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပရေးပြင်ဆင်မှုများ စစ်ဆေး

မန္တလေး မတ် ၈

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် မတ် ၅ ရက်၊ ၆ ရက်နှင့် ၇ ရက် တို့တွင် တာဝန်ရှိသူများလိုက်ပါလျက် မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အခြေခံပညာ ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပရေး အတွက် စာစစ်ဌာနများ ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး သည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မတ် ၅ ရက်တွင် မကွေးတိုင်း မကွေးမြို့နှင့် မင်းဘူးမြို့နယ်တို့ရှိ စာစစ်ဌာနများ ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မတ်၆ရက်တွင် ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ချောက်မြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ရှိ စာစစ်ဌာနများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မတ် ၇ ရက်တွင် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြင်းခြံမြို့နယ်အတွင်းရှိ စာစစ်ဌာနများအား ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် မိန်းမလှလေးရဲ့ သောက**
- **၁:၅၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၁၅** ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၂၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၄:၄၅** ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၇။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၈၀)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **FA Cup ဘောလုံးပွဲ Midles brough & Cardiff City**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"အကိတ္တိဇာတ်တော်"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇:၅၅-၁:၅၅	Soccer Update
၈:၁၀-၂:၁၀	Sunday Talk "မီးဘေးအန္တရာယ်" [ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးပြည်စိုး(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) လျှပ်စစ် စစ်ဆေးရေးဌာန)၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့အထူး တရားပွဲ (၃) (နေပြည်တော် ပျဉ်းမနား)
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅	သီးနှံစိုက်ပျိုးအထွက်တိုး (မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ)
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	မြန်မာ့ဆေးဖက်ဝင်အမည်ဆန်း"တပင်တိုင်မြနန်း"
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	Toyo Battery ၏ စက်ရုံအလည်အပတ်ခရီးစဉ်နှင့် ရောင်းအားအကောင်းဆုံးဆုပေးအပ်ပွဲအခမ်းအနား
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	Euro Goals
၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅-၅:၅၅	လွင်မိုးခရီးသွားနေသည်(အပိုင်း-၇)
၁၂:၂၅-၆:၂၅	နိုင်ငံတကာအနုပညာရေးရာ
၁၂:၄၅-၆:၄၅	ACTIVITIES IN THE CITY
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Middlesbrough-Cardiff	Star-Sports(Live)
၁၂:၂၅	Bristol-West Brom	Star-Sports(Live)

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၄	Tottenham-West Ham	ESPN(Live)
၁၀:၂၅	Wigan-Arsenal	Star Sports(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Lazio-Livorno	5-Cartoons(Live)
၂:၀၀	Genoa-Juventus	5-Cartoons(Live)

❒ ရှေ့ဖုံးမှ

သက်ဆိုင်သည့် ကိစ္စများမဟုတ်ကြောင်း၊ ၎င်းတို့တောင်းဆိုချက်မရ၍ဟုဆိုကာ ၎င်းတို့သဘောဖြင့်ညီလာခံမှ ထွက်ခွာသွားခဲ့ကြကြောင်း၊ ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်များနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းအရ သဘာပတိအဖွဲ့၏ခွင့်ပြုချက်မရဘဲ (၂)ရက်ဆက်တိုက် ပျက်ကွက်ပါက ညီလာခံကိုယ်စားလှယ်အဖွဲ့မှ ပျက်ပြယ်ပါကြောင်း၊ သို့ပါ၍ ၎င်းတို့အား ညီလာခံကိုယ်စားလှယ်အဖြစ်မှလည်း ရပ်စဲခဲ့ရပါကြောင်း၊ NLD သည်ယင်းနောက်ပိုင်းတွင် အမျိုးသားညီလာခံ၌ လုံးဝတက်ရောက်ခြင်း မရှိတော့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြေညာခဲ့ကြောင်း၊ ၎င်း၏ပထမအချက်မှာ အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေး ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ညီလာခံကို ပြန်လည်မစတင်မီ NLD ကို ဖိတ်ကြားခဲ့ကြောင်း၊ NLDမှ ကိုယ်စားလှယ်ဦးရေ တိုးမြှင့်ဖိတ်ကြားပေးရန် ပြောဆိုခဲ့၍ တိုးမြှင့်ဖိတ်ကြားခဲ့သော်လည်း ပါဝင်တက်ရောက်ခြင်း မရှိကြောင်း၊ ထို့နောက် ညီလာခံကို ပြန်လည်ကျင်းပရာတွင် NLD မပါဝင်သော်လည်း အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၁၀၈၆ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း၊ တိုင်းရင်းသားလူမျိုးများအစုအဖွဲ့တွင် တစ်တိုင်းပြည်လုံးမှ ကိုယ်စားလှယ် ၆၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြောင်း၊ ညီလာခံကြီးကို ပြန်လည်ကျင်းပရာ၌ အဆွေတော်ကိုလည်း ဖိတ်ကြားခဲ့ရာ ဖော်ပြပါကိုယ်စားလှယ်များနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့သည်ကို မှတ်မိမည်ဖြစ်ပါကြောင်း၊ ထို့နောက် **၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သော အမျိုးသားညီလာခံသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ကျန်ရှိသည့်အခန်းများဆိုင်ရာ အခြေခံမူများကို ပြီးပြတ်အောင် ဆွေးနွေးချမှတ်နိုင်ခဲ့ကြောင်း၊ ညီလာခံ၏လုပ်ငန်းများကို သတင်းစာများတွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြခဲ့ကြောင်း၊ ရေဒီယိုနှင့် တယ်လီဗီးရှင်းမှလည်း တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် ညီလာခံပြီးဆုံးချိန်တွင် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ခုနှစ်ထိ ညှိနှိုင်းဆုံးဖြတ်ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအားလုံးကို စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံမှချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အခြေခံလျက် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲနိုင်ရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကော်မရှင်တွင် အဖွဲ့ဝင် ၅၄ ဦးပါဝင်ကြောင်း၊ ယင်းအဖွဲ့ဝင်များတွင် ၁၉၄၇၊ ၁၉၇၄ အခြေခံဥပဒေများရေးဆွဲစဉ်က အတွေ့အကြုံရှိသောပုဂ္ဂိုလ်များ၊ နိုင်ငံတကာဥပဒေနှင့် ဥပဒေရေးရာများတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များ၊ အခြားနယ်ပယ်များတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များ ပါဝင်ကြောင်း၊** ယင်းသို့ ပထမပိုင်းတွင် အစုအဖွဲ့(၈)ဖွဲ့မှ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒုတိယပိုင်းတွင် ဖော်ပြပါ ဥပဒေကျွမ်းကျင်သူများ ပါဝင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် နိုင်ငံတကာအဆင့်အတန်းများနှင့် ကိုက်ညီပါကြောင်း၊ ၎င်းဥပဒေမူကြမ်းစာအုပ်ကိုလည်း အဆွေတော်အား ပေးအပ်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ဆန္ဒခံယူပွဲတစ်ရပ်ကို မေလတွင် ပြုလုပ်မည်ဟု ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကိုလည်း ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဥပဒေတွင် ဆန္ဒမဲပေးခွင့်ရှိသူများ လွတ်လပ်မျှတစွာပေးနိုင်ရန် ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ အဆိုပါဥပဒေတွင် အခန်း(၁၂)ခန်း ပါဝင်ကြောင်း၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ ဖွဲ့စည်းပုံကိုကြည့်ပါက ကော်မရှင်၏အောက်တွင် ပြည်နယ်နှင့်တိုင်းအလိုက် ကော်မရှင်အဖွဲ့ခွဲများရှိကြောင်း၊ ယင်းအောက်တွင် ခရိုင်၊မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲများရှိကြောင်း၊ အဆင့်တိုင်းတွင် လုပ်ပိုင်ခွင့် အသီးသီးပေးအပ်ထားပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မကျန်စေရန် အစီအစဉ်များ ဂရုတစိုက် ထည့်သွင်းထားပါကြောင်း၊ ပြည်ပသို့ တရားဝင်ရောက်ရှိနေသော နိုင်ငံသားများကိုလည်း မဲပေးနိုင်ရန် စီစဉ်ထားပါကြောင်း၊ ထို့အပြင် အပြစ်ဒဏ်ချမှတ်ခြင်းမခံရသေးသော ထိန်းသိမ်းခံထားရသူများနှင့် ဆေးရုံတက်နေသူများလည်း မဲပေးနိုင်ရန် ပြဋ္ဌာန်းထားပါကြောင်း၊ မဲပေးပုံ၌ ရပ်ကွက်ကျေးရွာအဆင့်မှ စတင်ပါကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး အခွင့်အရေးမဆုံးရှုံးစေရန် စီမံထားပါကြောင်း၊ မဲပေးရာတွင်လည်း နိုင်ငံတကာမှကျင့်သုံးသည့်စနစ်နှင့် ကိုက်ညီအောင် ပြုလုပ်မည်ဖြစ်ကြောင်း၊ မဲပုံးများကိုလည်း မြင်သာအောင် စီစဉ်ထားရှိမည်ဖြစ်ကြောင်း၊ ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် မဲပေးနိုင်အောင် စီမံထားပါကြောင်း၊ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်မည်ဖြစ်ကြောင်း၊ မဲရေတွက်ရာတွင်လည်း သက်သေများရှေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်မျှတသော မဲပေးနိုင်သည့်အခြေအနေမျိုး မရှိသည့်အချိန် ဆိုက်ရောက်ပါကလည်း အခြားသင့်လျော်သည့်တစ်နေရာသို့ ပြောင်းရွှေ့မဲပေးနိုင်အောင် စီမံထားပါကြောင်း၊ ဥပမာ–သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြေအနေမျိုးဖြစ်ကြောင်း၊ မသမာမှုများ၊ နှောင့်ယှက်မှုများပေါ်ပေါက်ပါကလည်း အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ ဤပြဋ္ဌာန်းချက်များကိုထောက်ရှုပါက လွတ်လပ်၍မျှတပြီး နိုင်ငံတကာလုပ်ထုံးများနှင့်ကိုက်ညီသော မဲပေးမှုဖြစ်အောင် အကောင်းဆုံးစီမံထားခြင်းဖြစ်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ယင်းဥပဒေကို အင်္ဂလိပ်–မြန်မာ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါကြောင်း၊ မဲပေးရာတွင် (၂)မျိုးပေးနိုင်ပါကြောင်း၊ ပထမနည်းမှာ မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးခြင်းဖြစ်ပြီး ဆန္ဒမဲကျောဘက်တွင် မဲပေးပုံကို ပြသထားပါကြောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သည့်အခြေအနေ ပေါ်ပေါက်ပါက အဝေးရောက် ဆန္ဒမဲပေးနိုင်ပါကြောင်း၊ ဥပမာ–ပြည်ပသို့ တာဝန်ဖြင့် တရားဝင်သွားရောက်နေသူများ၊ သံတမန်ဝန်ထမ်းများ၊ တက္ကသိုလ်၊ ကောလိပ် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ၊ ဆေးရုံတက်နေသူများ၊ ပြစ်ဒဏ်ကျခံခြင်းမရှိသေးသော ထိန်းသိမ်းခံထားရသူများအတွက် ၎င်းတို့၏မဲပေးခွင့် အခွင့်အရေးမဆုံးရှုံးအောင် ကြိုတင်မဲဆန္ဒပေးနိုင်ရေးအတွက်လည်း စီစဉ်ထားပါကြောင်း၊ ယင်းတို့နှင့်ပတ်သက်၍ နမူနာပုံစံများကို အဆွေတော်အား ပေးအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်အားလုံးကို ခြုံ၍ကြည့်ပါက လွတ်လပ်၍ မျှတသော မဲပေးမှုဖြစ်အောင် ဆောင်ရွက်ထားခြင်းဖြစ်သည်ကို အတွေ့အကြုံများပြားသည့် အဆွေတော်အနေဖြင့် သိမြင်နိုင်ပါကြောင်း၊ မဲပုံးတစ်ပုံးသာလျှင် ထားရှိမည်ဖြစ်ပါကြောင်း၊ ယင်းမဲပုံးတစ်ပုံးတွင် ထောက်ခံမဲ/ကန့်ကွက်မဲများကို ထည့်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးသည့် စနစ်အတိုင်းဖြစ်ပါကြောင်း** ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းရှင်က အခြေခံဥပဒေများမှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်အတွင်း အကျုံးဝင်ပါကြောင်း၊ အဆွေတော်သည် မြန်မာနိုင်ငံ၏မိတ်ဆွေဖြစ်သဖြင့် ပေးအပ်ခြင်းဖြစ်သည်ကို နားလည်စေလိုပါကြောင်း ပြောကြားပြီး မစ္စတာဂမ်ဘာရီထံ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်နမူနာများကို ပေးအပ်သည်။

ယင်းနောက် မစ္စတာဂမ်ဘာရီက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အခြေခံမူကြမ်းနှင့် ပတ်သက်၍ နောက်ခံသမိုင်းနှင့် NLD ကိစ္စတို့ကို အသေးစိတ်ရှင်းပြခြင်းအတွက် ကျေးဇူးတင်ကြောင်း၊ အမျိုးသားညီလာခံ၏ နောက်ဆုံးအပိုင်းတစ်ခုတွင် မိမိပါဝင်တက်ရောက် လေ့လာခွင့်ရခဲ့ပြီး ငြိမ်းချမ်းရေးအဖွဲ့(၁၇)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခွင့်ရရှိခဲ့သည်ကိုလည်း ပြန်လည်မှတ်မိပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို အပြည့်အဝလေးစားမှုရှိကြောင်း၊ ယခုကဲ့သို့ အသေးစိတ်ရှင်းပြခြင်းသည် မြန်မာနိုင်ငံဘက်က ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် တန်ဖိုးထားသည်ကို ပေါ်လွင်စေကြောင်း၊ အလားတူစိတ်ဓာတ်ဖြင့်ပင် မိမိကလည်း ပြန်လည်ဆွေးနွေးလိုပါကြောင်း၊ မူဝါဒ လမ်းစဉ်(၇) ရပ် အကောင်အထည်ဖော်မှု၌ အားလုံးပါဝင်မှုသည် အရေးကြီးသည်ကို ပြောကြားလိုပါကြောင်း၊ ဤလုပ်ငန်းစဉ်များအပေါ် ပြည်တွင်းပြည်ပမှ ယုံကြည်မှုမရှိပါက အစိုးရအနေဖြင့် ဆန္ဒခံယူပွဲကျင်းပခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အချိန်ဇယားများကြေညာခဲ့ခြင်းကဲ့သို့ လေးလေးနက်နက် ချမှတ်ခဲ့သည့် ခြေလှမ်းများကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ ပထမမေးခွန်းအနေဖြင့် ဆန္ဒခံယူပွဲကို မေလအတွင်း မည်သည့်ရက်တွင်ပြုလုပ်မည်ကို သိလိုကြောင်း၊ တစ်ရက်တည်းနှင့် အပြီးလုပ်ရန် ရှိ/မရှိ သိလိုကြောင်း၊ ဒုတိယမေးခွန်းမှာ သဘောတူ/မတူ မဲပေးရန်အတွက် မည်သို့ ဖော်ပြရေးသားထားသည်ကို သိလိုကြောင်း၊ ဆန္ဒခံယူပွဲအတွက် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ထားသည်ကိုလည်း သိလိုပါကြောင်း၊ သတင်းအချက်အလက်များထုတ်ပြန်လျက် အခြေခံဥပဒေမူကြမ်းကို အများသိရှိရေး ဆောင်ရွက်ထားမှုကိုလည်း သိလိုကြောင်း၊ မဲပေးပုံနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိအောင် တိုက်ရိုက်ရှင်းလင်းမှုများပြုလုပ်ရန် အစီအစဉ် ရှိ/မရှိကိုလည်း သိလိုကြောင်း၊ လွတ်လပ်၍ တရားမျှတသောရလဒ် ပေါ်ထွက်လာရေးအတွက် လိုအပ်သည့်အခြေအနေများလည်း ရှိရမည်ဟု ထင်မြင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးသောင်းညွန့်က ပြန်လည်ဖြေကြားရာတွင် ဥပဒေတွင် ဆန္ဒခံယူပွဲ ကျင်းပမည့်ရက်ကို (၂၁)ရက် ကြိုတင်အသိပေးမည်ဟု ဥပဒေ၏ ပုဒ်မ ၄(က)တွင် ပြဋ္ဌာန်းထားပါကြောင်း၊ ကော်မရှင်အဖွဲ့အဆင့်ဆင့်မှ ကြိုတင်လုပ်ဆောင်ဖွယ်ရာများ ဆောင်ရွက်နိုင်ရန် (၂၁)ရက် အချိန်ကြိုတင်ယူခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံများ သောင်းနှင့်ချီရှိမည်ဟု ခန့်မှန်းကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမလွယ်ကူသည့် ဒေသများရှိပါကြောင်း၊ တစ်ရက်တည်းနှင့် အပြီးလုပ်မည်ဖြစ်ကြောင်း၊ အခြေခံဥပဒေကို သတင်းလောကတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပြီးဖြစ်ကြောင်း၊ ဆန္ဒခံယူပွဲဥပဒေကို အသေးစိတ်အချက်အလက်များပါဝင်သည့် နည်းဥပဒေဖြင့်လည်း ဖြည့်စွက်ရှင်းလင်းထားပါကြောင်း၊ (၂၁)ရက် အချိန်ကာလတွင်လည်း ပိုမိုသိရှိနားလည်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လက်စွဲစာအုပ်တွင်လည်း ရွေးကောက်ပွဲတွင် တာဝန်ယူမည့် မဲရုံမှူး၊ မဲရုံတာဝန်ခံတို့မှ ပြည်သူများအား ရှင်းလင်းရမည့်အချက်များကို ဖော်ပြထားပါကြောင်း၊ မိမိအထက်တွင် ရှင်းပြသကဲ့သို့ **ဤအခြေခံဥပဒေမူကြမ်းကို ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အမျိုးသားညီလာခံမှ သဘောတူချမှတ်ခဲ့သည့် အခြေခံမူများကိုအခြေခံလျက် ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ၎င်းအခြေခံမူများကို သတင်းစာများတွင်လည်း ဖော်ပြပြီးဖြစ်ကြောင်း၊ စိတ်ပါဝင်စားသည့် ပြည်သူများအနေဖြင့် ကောင်းစွာလေ့လာသိရှိပြီးဖြစ်ကြောင်း၊ စာတတ်သည့်လူတိုင်း နားလည်အောင် ရှင်းလင်းရေးသားထားခြင်းကြောင့် အထူးရှင်းပြရန်မလိုကြောင်း၊ ရေဒီယို၊ တယ်လီဗီးရှင်းထဲမှာလည်း အသိပေးမှုများ ပြုလုပ်နေကြောင်း** ပြောကြားသည်။

ထို့နောက် မစ္စတာဂမ်ဘာရီက အခြားမိမိပြောကြားလိုသည့်အချက်မှာ သက်ဆိုင်သူအားလုံး ပါဝင်ရေးဖြစ်ကြောင်း၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ မဲပေးခွင့်မရှိခြင်းနှင့် အချို့သောပုဂ္ဂိုလ်များ မဲပေးခွင့်၊ ရွေးချယ်ခံပိုင်ခွင့်မရှိခြင်းတို့နှင့် ပတ်သက်၍ အဆွေတော်၏သဘောထားကို သိလိုပါကြောင်း မေးမြန်းရာ ဦးသောင်းညွန့်က ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရှိစေရန် မဲစာရင်းများကို တိတိကျကျဖြစ်စေရန် ပြဋ္ဌာန်းထားကြောင်း၊ မဲပေးခွင့်မရှိသူများဆိုင်ရာ ပြဋ္ဌာန်းချက်မှာလည်း အသစ်ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ ယခင်ကတည်းကရှိပြီးဖြစ်ကြောင်း၊ ၁၉၇၂ ခုနှစ် ဆန္ဒခံယူပွဲဥပဒေတွင် ပါဝင်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းများတွင် ဤပြဋ္ဌာန်းချက်များပါရှိပြီး ဤမူများကို အခြေခံမူများချမှတ်ရာတွင် ဆက်လက်ချမှတ်ခဲ့ကာ ယခုအခြေခံဥပဒေမူကြမ်းတွင်လည်း ဆက်လက်ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ ဤကိစ္စသည် အချုပ်အခြာအာဏာပိုင်ခွင့်အတွင်း ကျရောက်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ မစ္စတာဂမ်ဘာရီက အချုပ်အခြာအာဏာပိုင်ခွင့်အတွင်း ကျရောက်သည့် ကိစ္စဖြစ်သည်ကို နားလည်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဟု ယူဆပါကြောင်း၊ မိမိသိလိုသည်မှာ တားမြစ်ခြင်းသည် မဲပေးပိုင်ခွင့်အတွက်(သို့) အရွေးချယ်ခံပိုင်ခွင့်အတွက်ဖြစ်သည်ကို သိလိုပါကြောင်း ဆွေးနွေးမေးမြန်းရာ ရွေးချယ်ခံပိုင်ခွင့်သည် မိမိတို့ဆုံးဖြတ်မည့် ကိစ္စမဟုတ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်သည့်အချိန်တွင် တာဝန်ယူသည့်အဖွဲ့အစည်းမှ စိစစ်ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ကြောင်း၊ စိစစ်ဆုံးဖြတ်ချက်အပေါ် သက်ဆိုင်သူက အခြေခံမှ အမြင့်ဆုံးအထိ အယူခံပိုင်ခွင့်နှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များလည်း ရှိလာနိုင်ပါကြောင်း ဦးသောင်းညွန့်က ဖြေကြားသည်။

ယင်းနောက် မစ္စတာ ဂမ်ဘာရီက အခြေခံဥပဒေမူကြမ်းအပေါ် ဝေဖန်သူများအား အရေးယူသည်ဟု သတင်းများ ကြားသိရပါကြောင်း၊ အရေးယူမှုများ ရှိ/မရှိနှင့် မှန်/မမှန် သိလိုပါကြောင်း မေးမြန်းရာ ဦးသောင်းညွန့်က ယင်းသတင်းများ မမှန်ကန်ပါကြောင်း၊ ယနေ့အထိ အရေးယူမှုများလည်း တစ်စုံတစ်ရာ မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် မစ္စတာဂမ်ဘာရီက လုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာမှ ယုံကြည်မှုရရှိလာရေးအတွက် စောင့်ကြည့်လေ့လာသူများဖိတ်ကြားရေးကို ပြောကြားလိုပါကြောင်း၊ ပြည်တွင်း/ဒေသတွင်း နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများကို ဖိတ်ကြားခြင်းဖြင့် ဆန္ဒခံယူပွဲသည် လွတ်လပ်၍ မျှတမှုရှိသည်ကို သိစေပြီး နိုင်ငံတကာမှ ယုံကြည်မှုရရှိလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပြောကြားချက်နှင့်ပတ်သက်၍ ဦးသောင်းညွန့်က အခြေခံမူအပေါ် ဆန္ဒခံယူပွဲကျင်းပခြင်းသည် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်အတွင်း ကျရောက်ကြောင်း၊ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အပြည့်အဝမဲပေးခွင့်ရရှိအောင် စီမံဆောင်ရွက်ထားပါကြောင်း၊ ဆန္ဒခံယူပွဲကဲ့သို့ ပြည်တွင်းကိစ္စတစ်ရပ်တွင် ပြည်ပမှပုဂ္ဂိုလ်များ လေ့လာစောင့်ကြည့်သည့် ကိစ္စမျိုးမရှိခဲ့ပါကြောင်း၊ ၁၉၄၇ခုနှစ်၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများအတွက် ဆန္ဒခံယူပွဲများတွင်လည်း ပြည်ပမှ လေ့လာစောင့်ကြည့်ခဲ့သည်များ မရှိပါကြောင်း** ပြောကြားသည်။

ဆက်လက်၍ မစ္စတာဂမ်ဘာရီက ဆန္ဒခံယူပွဲအား ပြည့်ပြည့်စုံစုံစီစဉ်ထားမှုအပေါ် အဆွေတော်တို့ဘက်မှ ယုံကြည်မှုအပြည့်ရှိသည်ကို သံသယမရှိပါကြောင်း၊ လေ့လာစောင့်ကြည့်သူဆိုရာတွင် ပြည်ပမှ လာရမည်ဟု မဆိုလိုပါကြောင်း၊ ဆန္ဒခံယူပွဲ၊ ရွေးကောက်ပွဲတို့နှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာအကူအညီများ လိုအပ်ပါက ကုလသမဂ္ဂမှကူညီရန် အသင့်ရှိပါကြောင်း ပြောကြားရာ ဦးသောင်းညွန့်က အကူအညီပေးအပ်လိုသည်ကို မှတ်သားထားပါကြောင်း၊ မိမိတို့တွင် လုံလောက်သည့်အတွေ့အကြုံများ ရှိပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေါက်တာထွန်းရှင်က ဖြည့်စွက်ဆွေးနွေးရာတွင် **၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံရေးပါတီများနှင့် အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များသည်လည်းကောင်း၊ ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ဆက်လက်ပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ၌ တက်ရောက်ခဲ့သည့် အလားတူ ကိုယ်စားလှယ်များသည်လည်းကောင်း၊ အစိုးရမှ ရွေးချယ်ခဲ့သည့် ကိုယ်စားလှယ်များမဟုတ်ဘဲ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ အစုအဖွဲ့များမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ရွေးချယ်စေလွှတ်ခဲ့သည့် ကိုယ်စားလှယ်များဖြစ်ကြောင်း၊ ၎င်းတို့သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြု ရွေးချယ်စေလွှတ်ခဲ့ခြင်းဖြစ်သည့်အတွက် ပါဝင်သင့်သူအားလုံး ပါဝင်ပြီးဖြစ်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း**ဖြင့် ပြောကြားသည်။

မစ္စတာဂမ်ဘာရီက ယခုကဲ့သို့ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ပြီး ညနေ ၃ နာရီ မိနစ် ၂၀ တွင် တွေ့ဆုံ ဆွေးနွေးမှုပြီးဆုံးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုပ္ပားကျောင်းဆရာတော်၏ မွေးနေ့ပွဲ၊ သိက္ခာထပ်ပွဲအလှူ

ရန်ကုန် မတ် ၈

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ဇိနမာန်အောင်ဘုရား ဩဝါဒါစရိယ၊ မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊ နေပြည်တော် တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ရွာ ရာပြည့်ကျောင်း ဩဝါဒါစရိယ၊ ပုပ္ပား ဦးကုမာရ၏ ခရီးဆက်သာသနာပြု ဌာနပေါင်းစုံ ဩဝါဒါစရိယ၊ သုံးမြို့နယ် ပျဉ်းမပင်သံဃာ့ မဟာပဝါရဏာ ဂိုဏ်း ဩဝါဒါစရိယ၊ ပုပ္ပားကျောင်း၊ ပဓာနနာယက(မဟာ သဒ္ဓမ္မဇောတိက ဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ၏ သက်တော် (၇၂)ပြည့် မွေးနေ့တွင် ရန်ကုန်မဟာစည် ဟိတေသီအဖွဲ့တွင် ဆွမ်းပဒေသာ၊ ရန်ကုန် ဇီဝိတဒါနသံဃာ့ဆေးရုံတွင်ဆေးပဒေသာ၊ရန်ကုန်နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် ဆွမ်းပဒေသာ၊ ပဲခူးတိုင်း သာယာဝတီ ဘိုးဘွားရိပ်သာတွင် ဆေးပဒေသာ၊ ရန်ကုန် ရွှေဂုံတိုင် ကလေးပြုစုရေးတွင် ငွေပဒေသာ၊ ထောက်ကြန့် ကလေးပြုစုရေးတွင်ငွေပဒေသာ၊ မင်္ဂလာဒုံရွှေနံ့သာ ကလေးပြုစုရေးတွင် ငွေပဒေသာ၊ မင်းကွန်း မိုးမိတ်ကုန်းမြေ တိ=နိတွင် ငွေပဒေသာလှူဒါန်းမည်ဖြစ်သည်။

မတ်၁၅ရက်(စနေနေ့)နံနက်၉နာရီတွင် ထောက်ကြန့် ဒုစံပြ မသူဇာ၊မပပတို့ကအကြိမ်(၁၅၀)သိက္ခာကံထပ်ခြင်းနှင့် ရွှေဂုံတိုင်၊ ရွှေနံ့သာ၊ ထောက်ကြန့် ကလေးပြုစုရေးဌာနမှ မိဘမဲ့ကလေး ၂၀၀ကျော်တို့အား ထမင်းနှင့်အဝတ်အထည်များ လှူဒါန်းမည်ဖြစ်သည်။ မတ်၁၆ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ပရိယတ္တိစာသင်တိုက်မှ စာသင်သား ကိုရင်အပါး၁၀၀တို့အား ဆွမ်း၊ သင်္ကန်းများ လောင်းလှူမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် ကိုရင်တစ်ပါးလျှင် ငွေကျပ် ၄၀၀၀ဖြင့် ဖုန်း ၆၀၀၀၂၈နှင့် ၆၀၀၂၁၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထားဝယ်မြို့နယ် စော်ဝ-ရွှေဂူတောင်စံပြကျေးရွာ သုတအလင်းပြ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက်က စော်ဝကျေးရွာ သစ်ဆိမ့်ပင်ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ အလှူရှင်များစုပေါင်းလှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၄၀ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း လက်ခံရယူစဉ်။ (ခရိုင်ပြန်/ဆက်)

ဖေဖော်ဝါရီ ၉ရက်က ရန်ကင်းမြို့နယ် အမက(၅)၌ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှအား မြို့နယ်ပညာရေးမှူး ဒေါ်အုန်းသန်းက ကျောင်းတက် ရက်မှန်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဖေဖော်ဝါရီ ၈ရက်က သွတ်ဝိုင်းကြီးရပ်ကွက်၌ ပြည်သူများသတ်မှတ် ညွှန်ကြားချက်များအား စည်းကမ်းတကျလိုက်နာမှု ရှိ၊ မရှိ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးရဲမင်းထွဋ်၊ မြို့နယ် အရန်မီးသတ် ဒုတပ်ရင်းမှူး ဦးခင်မောင်ထွန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းရီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ တစ်အိမ်တက်ဆင်းစစ်ဆေးမှာကြားကြစဉ်။ (က-ပ)

အ-ထ-က (၂) ကျိုက်ထို အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၈

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၃ ရက်၊ ညနေ ၄နာရီတွင် အဆိုပါကျောင်း မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။ သို့ပါ၍ အဆိုပါကျောင်း၌ ၁၉၈၆ မှ ၂၀၀၃ ခုနှစ်အတွင်း လုပ်သက် (၂)နှစ်၊ အသက် (၄၅)နှစ်အထက် အပူဇော်ခံ ဆရာ/ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက မခိုင်ဇာထွေး (ရန်ကုန်) ဖုန်း ၀၁-၅၀၀၅၁၉ ၊ ဆရာမဒေါ်စန်းစန်းမင်း ၀၅၇-၆၀၄၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)



ဆက်ကပ်လှူဒါန်း

တောင်ဥက္ကလာပမြို့နယ်(၁၄/၂)ရပ်ကွက် မြင်သာမြို့ဦး ပရဟိတဂေဟာမှ ကလေးငယ်၅၀တို့အား ရှင်သာမဏေသွတ်သွင်းခြင်းနှင့် ပိဋကတ်သုံးပုံ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ရက်က ၎င်းကျောင်း၌ကျင်းပရာ အလှူရှင် (၁၄/၂) ဒေါင်းမင်းလမ်းနေ ဦးစိုးတင့်-ဒေါ်သီတာဦး၊ ဦးတင်ထွန်း-ဒေါ်ချိုချို၊ ဦးမင်းအောင်-ဒေါ်တင်တင်မြင့် မိသားစုတို့က ကျောင်းတိုက် ဆရာတော် ဦးပညာစာရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၆၃)

မင်္ဂလာတောင်ညွန့်မြို့နယ် သင်တန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၈

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၃) နိုင်ငံတကာဆက်ဆံရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းများဖွင့်ပွဲ အခမ်းအနားကို မတ် ၄ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် အလှူငွေများပေးအပ်ရာ မြို့နယ်စီး/ထောက်ကူအဖွဲ့က လှူဒါန်းသော အလှူငွေကျပ် နှစ်သိန်းကို တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက လည်းကောင်း၊ **(အောက်ပုံ)** စက်ဆန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျင်သိန်း လှူဒါန်းသည့် အလှူငွေကျပ်ငါးသောင်းကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက လည်းကောင်း လက်ခံသည်။ အဆိုပါသင်တန်းမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲများ ကျင်းပ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့ မွန်းလွဲပိုင်းက ဗဟန်း ခရစ်ကက်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် အထက (၃)ကြည့်မြင်တိုင် (A) အသင်းက ပထမရရှိပြီး တံခွန်စိုက်ဒိုင်းဆုနှင့် ဆုကြေးငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ ဒုတိယရရှိသော အထက(၃) တာမွေအသင်းက ဆုကြေးငွေကျပ် ၃၀၀၀၀ ကိုလည်းကောင်း၊ တတိယ ဆုရရှိသော အထက (၄)အလုံအသင်းက ဆုကြေးငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်းရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် အထက (၄) အလုံအသင်းက ပထမရရှိပြီးတံခွန်စိုက်ဒိုင်းဆုနှင့် ဆုကြေးငွေ ကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ ဒုတိယရရှိသော အထက(၃) တာမွေအသင်းက ဆုကြေးငွေကျပ် ၃၀၀၀၀ ကို လည်းကောင်း၊ တတိယရရှိသော အထက (၃) ကြည့်မြင်တိုင် အသင်းက ဆုကြေးငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း ရရှိသွားကြသည်။

ပေးအပ်ချီးမြှင့်

အမျိုးသမီးပြိုင်ပွဲတွင် Best Batsman ဆုကို အထက(၃) တာမွေမှ ယဉ်ယဉ်ဌေးကလည်းကောင်း၊ Best Bowler ဆုကို အထက (၃) ကြည့်မြင်တိုင် (A) အသင်းမှ ဆုမြတ်လှိုင်က လည်းကောင်း၊ Best All-Rounder ဆုကို အထက (၁)ဗဟန်းမှ အေးစန္ဒာလင်းက လည်းကောင်း ရရှိကြပြီး ဆုကြေးငွေ တစ်ဦးလျှင် ကျပ် ၅၀၀၀စီကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသားပြိုင်ပွဲတွင် Best Batsman ဆုကို အထက(၃) ကြည့်မြင်တိုင် (A) အသင်းမှ မူးပြည့်ဖြိုးအောင်ဆက်က လည်းကောင်း၊ Best Bowler ဆုကို အထက (၄) အလုံမှ ရဲလင်းထွန်းကလည်းကောင်း၊ Best All-Rounder ဆုကို အထက (၃) ကြည့်မြင်တိုင်မှ ထင်ကျော်က လည်းကောင်း ရရှိကြပြီး ဆုကြေးငွေ တစ်ဦးလျှင် ကျပ်၅၀၀၀ စီကိုပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများက ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော အထက(၃) ကြည့်မြင်တိုင် (A)အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (ခရစ်ကက်အဖွဲ့ချုပ်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ ပူဇော်ရေးအတွက် လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သုတ်ဆံတော်ရှင် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးနှင့် စိန်ဖူးတော်တင်လှူပွဲကျင်းပရေးတို့အတွက် ရွှေစင်ရွှေပြားနှင့် လက်ဝတ်ရတနာများ လှူဒါန်းပွဲအခမ်းအနားကို မတ် ၃ ရက်တွင် အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာ အလှူရှင်များက လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြကြပြီး ရွှေစင်ရွှေပြားတစ်ချပ်တန်ဖိုးငွေကျပ် ၄၃၀၀၀၀ တန်ဖိုးရှိ ရွှေစင်ရွှေပြားနှစ်ပြားကို ဦးစံသွင်၊ဒေါ်စိန်မျှင်မိသားစုကလည်းကောင်း၊ ဒေါ်ပြုံးချို မိသားစု၊ ဦးလွင်အေး၊ ဒေါ်ညွန့်မွေး မိသားစု၊ ဒေါ်ငြိမ်းမိသားစု၊ ဦးမောင်လွင်၊ ဒေါ်ကျင်ပို့မိသားစု၊ ဒေါ်တင်တင်လှမိသားစု၊ ဒေါ်သန်းတင်မိသားစု၊ ဦးခင်အောင်၊ ဒေါ်အေးသန့်မိသားစု၊ ဦးမင်းသိန်းမြင့်မိသားစုနှင့် ကိုတင်ညွန့်မိသားစုတို့က ရွှေစင်ရွှေပြားတစ်ချပ်စီတို့ကိုလည်းကောင်း၊ ဦးတင်ဦး၊ မချိုချိုမိသားစု၊ ဦးတင့်နိုင်(ရေနံ)၊ ဒေါ်မြင့်မြင့်နိုင်မိသားစု၊ ဦးနန္ဒချစ်-မသူဇာလွင်မိသားစု၊ ဦးရွှေအောင်၊ဒေါ်ထားစိန်မိသားစု၊ဦးကြည် ဝေ(ဆည်မြောင်း/လှည်းကူး)မိသားစု၊ ဒေါ်အေးအေးမိသားစု၊ ဦးဝင်းလှိုင်၊ ဒေါ်ကြည်မာမြင့် မိသားစု၊ ဦးဒွေ-ဒေါ်ညိမ်းမြမိသားစု၊ ဦးသိန်းနိုင်-ဒေါ်ပို့ကြိုးမိသားစု၊ ဦးသီဟထွန်းမိသားစု၊ ဦးတင်ငွေ-ဒေါ်လှကြည်မိသားစု၊ဦးအင်ဟုတ်၊ဒေါ်ခင်တုတ်မိသားစုနှင့် ဦးမျိုးမင်းမိသားစုတို့က တန်ဖိုးငွေ ကျပ်၆၅သိန်း တန်ဖိုးရှိ ကျောက်စိမ်းလုံး၊ ပုလဲလုံး၊ ကျောက်စိမ်းလက်ကောက်၊ပတ္တမြား၊ ရွှေလက်ကောက်၊ ရွှေအပ်နှင့် ရွှေဆွဲကြိုးတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်နှင့်အဖွဲ့ဝင်များက လက်ခံကြသည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ရေးနှင့် စိန်ဖူးတော်တင်လှူပွဲကို မတ် ၂၁ရက်တွင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဖုန်း-၀၅၇-၂၄၆၉၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဲအင်းဂူဝိပဿနာအလုပ်ပေးတရားပွဲ

ရန်ကုန် မတ် ၈

ပန်းတနော်မြို့နယ် လှည်းကောရေလဲကျေးရွာအုပ်စု အင်္ဂီကျေးရွာကျောင်းတိုက်ကြီး၌ သဲအင်းဂူဝိပဿနာအလုပ်ပေးတရားပွဲကို တပေါင်းလပြည့်ကျော် ၅ရက်မှ ၁၀ရက်အထိ ငါးရက်တိုင် ဆရာတော် ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)နှင့် ဘဒ္ဒန္တဝိရိယ (ရတနာမာန်အောင်) ဆရာတော်တို့က အလုပ်ပေးတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌ ဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မ ဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ ဝမ်ပုံရေလှောင်တမံ
၈:၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say It In English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၂:၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ညို့ချက်ပြင်းတယ်" (မင်းမော်ကွန်း၊ ပိုင်ဇေရဲထွန်း နန္ဒာလှိုင်၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၁:၅၀ ၆။ အတီးပြိုင်ပွဲ
၂:၀၀ ၇။ တေးဂီတအစီအစဉ်
၂:၁၀ ၈။ အကပြိုင်ပွဲ
၂:၂၅ ၉။ "သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင် သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)
၂:၃၅ ၁၀။ စလင်းချောင်းတံတား
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)**
၅:၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၄ခုနှစ်)
၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သီးနှံစိုက်ပျိုး အထွက်တိုး(စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့)
၆:၄၀ ၁၁။ **တေးဂီတအစီအစဉ်**
၆:၅၅ ၁၂။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၈)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ကျောက်ဆည်ပင်မဓာတ်အားခွဲရုံ(အင်းကုန်း)တည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်သည် မတ် ၃ ရက်တွင် မန္တလေးတိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး အမရပူရမြို့နယ် မြို့ပြင်ကြီးရှိ ဝရဇိန်ကုမ္ပဏီ၏ Shanghai နည်းပညာဖြင့် ထရန်စဖော်မာထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည် ပင်မဓာတ်အားခွဲရုံ (အင်းကုန်း)သို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ ရှင်းလင်းဆောင်၌ ဝန်ကြီးနှင့်အဖွဲ့အား ကျောက်ဆည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာက 132/33 KV(20) MVA Transformer နှင့် ဆက်စပ်ပစ္စည်းများ၊ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ၊ အထူးစီမံကိန်းများ ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးရေး၊ ပစ္စည်းများ အလေအလွင့်မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရန်မှာကြားပြီး ဓာတ်အားခွဲရုံနှင့် Transformer တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွေရာသီအခြေခံဟော်ကီအားကစားသင်တန်းဖွင့်

ရန်ကုန် မတ် ၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ ခုနှစ် နွေရာသီ အခြေခံကျောင်းပေါင်းစုံ ဟော်ကီအားကစားသင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူနိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာဟော်ကီအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းငါးကျောင်းသို့ ဟော်ကီအားကစား အထောက်အကူပြုပစ္စည်းများကို အဖွဲ့ချုပ် အမှုဆောင်များကပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းများမှ ဆရာ၊ ဆရာမများက လက်ခံသည်။ အဆိုပါ သင်တန်းကို မတ် ၃ ရက်မှစ၍ ဧပြီ ၁၀ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း တစ်ရာကျော် တက်ရောက် သင်ကြားလျက်ရှိသည်။

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေးဟော်ကီ ပြိုင်ပွဲ ဖွင့်ပွဲကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် သိမ်ဖြူနိုင်ငံတကာ အဆင့်မီ မြက်ခင်းတုဟော်ကီ အားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၀၈ ခုနှစ် နွေရာသီ အခြေခံကျောင်းပေါင်းစုံ ဟော်ကီအားကစားသင်တန်းဖွင့်ပွဲအပြီးတွင် အဖွဲ့ချုပ် အမှုဆောင်များ၊ ဆရာ၊ ဆရာမများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။

(ဟော်ကီအဖွဲ့ချုပ်)

အရှင်ဣန္ဒောဘာသာလင်္ကာရ၏ ဝိဇာတမင်္ဂလာ ကျင်းပ

ရန်ကုန် မတ် ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အပ်နှင်းခြင်းခံရသည့် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မဟာခေမိကာရာမ ရွှေကျောင် စာသင်တိုက်မှ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ရ တိုက်အုပ်ဆရာတော် အရှင်ဣန္ဒောဘာသာလင်္ကာရ၏ ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ စာသင်တိုက်ရှိ ခေမသာသနဝိပုလာကာရီ သိမ်တော်ကြီး၌ ကျင်းပရာ နာယကဆရာတော်များ၊ သံဃာတော်များနှင့် သီလရှင်များ ကြွရောက်တော်မူကြပြီး အလှူရှင် အောင်မင်္ဂလာ ရပ်ကွက်မှ ဆရာကြီး အရဟံ ဆရာအောင် -ဒေါ်နှင်းရည်ကျော် မိသားစုနှင့် ဧည့်ပရိသတ်တို့ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးကုတ်ဆွမ်းစားကျောင်း အမိုးများလဲလှယ်ရန် လှူဒါန်းနိုင်

ရန်ကုန် မတ် ၈

မိုးကုတ်အသင်း (ရန်ကုန်မြို့)၏ (၁၈)ကြိမ်မြောက် ရာသက်ပန်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် မိုးကုတ်ဆွမ်းစားကျောင်း အမိုးလဲလှယ်ရန် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ကမ္ဘာအေးကုန်းမြေ) မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)** မိုးကုတ်ဆွမ်းစားကျောင်းအမိုးများ အသစ်လဲလှယ် ပြုပြင်မည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဥက္ကဋ္ဌ ဦးခင်မောင် ဖုန်း-၀၁-၅၀၃၈၃၉၊ ဒု-ဥက္ကဋ္ဌ ဦးဗိုလ်သောင်း ဖုန်း- ၀၁-၅၄၁၂၂၆၊ ဦးသိန်းအောင် ဖုန်း-၀၁-၅၂၆၆၅၅၊ ဦးကြည်မင်း ဖုန်း-၀၁-၅၂၆၂၇၆၊ ဦးအုန်းကို ဖုန်း-၀၉ ၅၀၀၃၉၉၀၊ ဦးသန်းဝင်း ဖုန်း-၀၉ ၉၀၁၁၃၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာ Amateur Openတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ ခုနှစ် မြန်မာ Amateur Openတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ Myanmar Open Golf Championship 2008၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် ဒညင်းကုန်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Dagon Brewery Ltd.,မှ General Salesမန်နေဂျာ ဦးသာဖြိုးက ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံးရိုက်ချက် Daily Best ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က စုစုပေါင်း ၂၉၁ ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်၊ စုစုပေါင်း ၂၉၄ ချက်ဖြင့် ဒုတိယရရှိသော အောင်ဝင်း (မုံရွာ) နှင့် စုစုပေါင်း ၂၉၄ ချက်ဖြင့် တတိယရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Dagon Brewery Ltd.၊ Han Golf Masters Pte.,Ltd နှင့် Srixon တို့က ပါဝင်ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ပြည်သူ့ထံမှ ပေးစာ

ရေမလာတာအတော်ကြာ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတ (၅)ရပ်ကွက် မြင်တော်သာလမ်း ရပ်ရှင်ရုံအနီးတွင် ရေမလာသည်မှာ အတော်ကြာနေပါပြီ။ သောက်သုံးရေကို နေ့စဉ် ဝယ်ယူသုံးစွဲနေရပါသဖြင့် ရေရရှိရေးအတွက် အမြန်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေလိုသူများ

မုန့်ဖိုမှဆူညံသံ ပတ်ဝန်းကျင် နားမခံသာ

စာတည်းခင်ဗျား-

တိုက်ကြီးမြို့ ပြည်လမ်း ဇောခိကုန်းရပ်ကွက် မာလာရုံတွင် မုန့်ဖုတ်လုပ်ငန်းတစ်ခုရှိရာ မီးစက်သံ၊ မုန့်ကြိတ်သံ၊ မုန့်ရိုက်သံ နေ့စဉ်ဆူညံမှုများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမုန့်ဖိုမှ ဆူညံသံများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ကြီးသား

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းလမ်းရှိ ထမင်းဆိုင် တစ်ဆိုင်တွင် ဟင်းချက်ရာမှ ထွက်ပေါ်လာသော ညှော်နံ့များကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသည်။ ထို့အပြင် ဆိုင်အနီးရှိ ရေမြောင်းများ ပိတ်ဆို့နေပါသဖြင့် အနံ့အသက်ဆိုးများကိုလည်း ရှူရှိုက်နေကြရပါသည်။

သို့ဖြစ်ပါ၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျောက်မြောင်းသူ

ကျူးကျော်အဆောက်အအုံဟောင်းများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မအူပင်မြို့ ၃ လမ်းနှင့်အောင်ဇေယျလမ်းထောင့်၊ ခရိုင်ဘောလုံးကစားကွင်းရှေ့ရှိ ကျူးကျော်အဆောက်အအုံများမှာ ပျက်စီးနေသော်လည်း ဈေးဆိုင်ခန်းဖွင့်ရုံမက လူနေအိမ်များအဖြစ် အသုံးပြုနေကြဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအဆောက်အအုံဟောင်းများအား မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မအူပင်သား

တိရစ္ဆာန်အစားအစာအနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း၊ တိုက်အမှတ် (၈၃/၈၄)၊ အနောက်တိုက် မြေညီထပ်အခန်း တစ်ခန်း၌ တိရစ္ဆာန်အစားအစာနှင့် ဓာတုဗေဒ ပစ္စည်းများ သိုလှောင်ထားရှိရာ အဆိုပါ ပစ္စည်းများ၏ အနံ့ဆိုးများကို ပတ်ဝန်းကျင်တွင် နေထိုင် သူများနေ့စဉ် ရှူရှိုက် နေရပါသဖြင့် ကျန်းမာရေးကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အနံ့အသက်ဆိုးများ မနံစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ရပ်ကွက်အတွင်း ဝက်အော်သံဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် ၆/အရှေ့ရပ်ကွက် အောင်သုခ လမ်း ၂၀ (အရှေ့)ရှိ အိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားရာ အနံ့ဆိုးများ နံစော်လျက်ရှိပြီး ဝက်အော်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အောင်သုခလမ်းသားများ

အုတ်၊ သဲ၊ ကျောက်များ စုပုံ၍ ရေမြောင်းပိတ်ဆို့

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ ဘုရင့်နောင်လမ်းမကြီးဘေးတွင် အထပ်မြင့်အဆောက်အအုံတစ်ခု ဆောက်လုပ်လျက်ရှိရာ အုတ်၊ သဲ၊ ကျောက်စသည့် ဆောက်လုပ်ရေးပစ္စည်းများကို စည်းကမ်းမဲ့ စုပုံထားသောကြောင့် ယာဉ်နှင့် လမ်းသွားလမ်းလာများကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ရေမြောင်းပိတ်ဆို့နေပါသဖြင့် ပတ်ဝန်းကျင်၌ ရေများလျှံနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါစည်းကမ်းမဲ့ ပစ္စည်းများထားရှိမှုကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဘုရင့်နောင်ဈေးသား

အနိုပ်ခန်းနှင့်ယမကာရောင်းချမှု ပတ်ဝန်းကျင်အနှောင့်အယှက်ပြု

စာတည်းရှင့်-

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၁လမ်း(အထက်)၊ ယခင်ဂိုဒေါင်အဆောက်အအုံဟောင်း အပေါ်ထပ်ရှိ အလှပြင်ဆိုင်များသည် တရားမဝင် အနှိပ်ခန်းများ ဖွင့်လှစ်ထားသည့်အပြင် အရက်သေစာများလည်း ရောင်းချလျက်ရှိပါသည်။ အဆိုပါ အခန်းများသို့ ညဉ့်နက်သန်းခေါင်တွင် လာရောက်သူများ၏ မူးယစ်ဆဲဆိုအော်ဟစ်မှု၊ ရန်ဖြစ်မှုများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကောင်းစွာနားနေ အိပ်စက်မရသည့်အပြင် လမ်းအတွင်းရှိ မိန်းကလေးများ သွားလာရာတွင် အနှောင့်အယှက် ဖြစ်နေပါသဖြင့် အဆိုပါ အလှပြင်ဆိုင်နှင့် အရက်ဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

လမ်းမီးလင်းရေး ဆောင်ရွက်ပေးပြီး

၂၂-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လမ်းမတော်မြို့နယ် ၁ ရပ်ကွက် ၃ လမ်းရှိ **လမ်းမီးလင်းရေးဆောင်ရွက်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

မီးသည်သုံးတတ်လျှင်မိတ်ဆွေ မသုံးတတ်လျှင်ရန်သူ

သောင်းဝင်းဗိုလ်

"မီး"သည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် "ရန်သူ" ဖြစ်သည်။ မီးကြောင့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးပျက်စီးရသကဲ့သို့ နိုင်ငံတော်၏ အဆောက်အအုံများ၊ အရင်းအနှီးများ အဟောသိကံဖြစ်ရသည်။

မြန်မာနိုင်ငံတွင် မီးလောင်မှုအခြေအနေများကို လေ့လာသုံးသပ်ကြည့်ပါက ပွင့်လင်းရာသီဖြစ်သည့် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် မီးလောင်မှုအများဆုံးဖြစ်သည်ကို မှတ်တမ်းများအရ သိရှိရ၏။ ၂၀၀၇ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ မီးလောင်မှု(၉၄၄)ကြိမ်ရှိခဲ့ပြီး ဆုံးရှုံးမှုမှာ ငွေကျပ် ၉၆၉ဒသမ ၄၃သန်းခန့်ရှိခဲ့သည်။

၂၀၀၇ခုနှစ်အတွင်း မီးလောင်မှုအကြိမ်မှာ ၂၀၀၆ခုနှစ်ထက် (၁၁၁)ကြိမ် ပိုခဲ့ပြီး ဆုံးရှုံးမှုမှာလည်း ပိုမိုများပြားခဲ့သည်။ ၂၀၀၇ခုနှစ်တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုများအနက် ပေါ့ဆမီး ၅၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

၂၀၀၇ခုနှစ်တွင် မီးလောင်မှုအများဆုံးမှာ ရန်ကုန်တိုင်းဖြစ်ပြီး (၂၅၇)ကြိမ် မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူ ၅၃ ဦး သေဆုံးကာ ၇၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

၂၀၀၇ခုနှစ်တွင် ဖြစ်ပွားသော မီးလောင်မှုများအနက် ဆုံးရှုံးမှုတန်ဖိုးအကြီးမားဆုံးမီးမှာ ၁၉-၂-၂၀၀၇နေ့က လောင်ကျွမ်းခဲ့သော ပခုက္ကူမြို့မဈေး မီးလောင်မှုဖြစ်၏။ ဆိုင်ခန်းပေါင်း ၅၀၈ခန်း မီးလောင်ကျွမ်းခံရပြီး ငွေကျပ် ၃၅၅ဒသမ၆၀သန်း ဆုံးရှုံးခဲ့သည်ဟုဆိုသည်။ ဒုတိယအများဆုံး ဆုံးရှုံးမှုမှာ ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုန်မှ Friendship အထည်ချုပ်စက်ရုံနှင့် ရှူးဖိနပ်စက်ရုံ မီးလောင်မှုဖြစ်သည်။

မီးလောင်မှုများတွင် ပေါ့ဆမီး၊ မီးဖိုမီး၊ လျှပ်စစ်ကြောင့် လောင်သောမီး၊ တောမီး၊ ရှို့မီး၊ အပူလွန်ကဲသော ရာသီဥတုကြောင့် အလိုအလျောက်လောင်သော မီးဟူ၍ အမျိုးမျိုးရှိသည်။ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံတစ်ဝန်း လောင်ကျွမ်းသော မီးလောင်မှု(၈၉)ကြိမ်တွင် ပေါ့ဆမီးကြောင့် မီးလောင်မှု(၇၄)ကြိမ် ဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာန၏မှတ်တမ်းမှတ်ရာများအရ သိရှိရသည်။

ဇန်နဝါရီ ၂၅ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပဒန်ကျေးရွာ အုပ်စု ကမ်းပြိုရွာပြင်ပအုပ်စု ကျောက်လမ်းနေ ဦးသောင်းလှိုင် (၆၅)နှစ်၏ နေအိမ်တွင် မီးလောင်မှုဖြစ်ပွားခဲ့၏။ ထိုမီးလောင်မှုမှာ သားဖြစ်သူ တင်မျိုး (၂၈)နှစ်က နေအိမ်သို့ အရက်မူးပြီး ပြန်ရောက်လာစဉ် ဖခင်ဖြစ်သူက ထမင်းချက်မထား၍ စိတ်ဆိုးပြီး မိမိအိမ်ကို မီးရှို့ခြင်းကြောင့် မီးလောင်မှုဖြစ်ခဲ့ရသည်။

ဖေဖော်ဝါရီ ၈ရက်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၆၃)ရပ်ကွက် စက်မှုဇုန် (၂)၏ အမွှေးတိုင်စက်ရုံတွင် အမွှေးဆီစပ်တာဝန်ခံ ကိုဇင်(ခ)ဇင်မင်းထိုက် (၂၈)နှစ်က အမွှေးဆီရောနှောနေစဉ် မော်တာ အပူချိန်မြင့်တက်မီး အမွှေးဆီကို မီးဟပ်၍ မီးလောင်မှုဖြစ်ခဲ့ရသည်။

ဖေဖော်ဝါရီ ၂၀ ရက်က သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏတွင် ညသန်းခေါင်ကျော်အချိန်၌ သိန်း ၆၀ ကျော် ဆုံးရှုံးသော မီးလောင်မှု ဖြစ်ပွားခဲ့၏။ သုဝဏ္ဏ၊ နှင်းဆီကုန်းလမ်းနေ ဦးကျော်ဝင်း၏ နေအိမ်မှ မီးအားမြင့်စက်က ဗို့အား မြင့်တက်ရာမှ မီးလောင်မှုဖြစ်ပွားရသည်။ အိမ်ပေါင်း ၃၂ လုံး အိမ်ထောင်စု ၅၅ စု လူဦးရေ ၂၇၉ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဖေဖော်ဝါရီ ၂၆ ရက် ညနေတွင် မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သုမိတ္တာ(၂၄)လမ်း အမှတ်(၉၁၈)နေ ဦးကံညွန့်၏အိမ် လျှပ်စစ်မီးဖို ဝါယာရှော့ခ် ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်းမှ မကြာသေးခင်က ဖြစ်ပွားခဲ့သော မီးလောင်မှုများကို လက်လှမ်းမီသမျှ တင်ပြခဲ့ခြင်းဖြစ်၏။ သတိထား ဆင်ခြင်ဖွယ် ဖြစ်ရပ်များကို သင်ခန်းစာယူသင့်လှပါ၏။

ဖေဖော်ဝါရီ ၂၅ ရက်က မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အဆင့်မြင့် ရတနာပုံဈေးသစ်ကြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ဝါယာရှော့ခ်ကြောင့် မီးလောင် ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရ၏။ ဆိုင်ခန်းပေါင်း ၁၅၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး လူ ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ များပြားလှပေသည်။

သတိထားဆင်ခြင်ဖွယ်ကောင်းသည်မှာ လျှပ်စစ်မီးအန္တရာယ်ကြောင့် မီးလောင်မှုဖြစ်ရခြင်းကို သတိထား ကာကွယ်သင့်ပြီဖြစ်၏။ လျှပ်စစ်ဓာတ်အားကို သုံးစွဲရာတွင် ဝန်နှင့်အားမမျှအောင် သုံးစွဲခြင်းကို သတိထားဆင်ခြင်ရမည်ဖြစ်၏။ တချို့သော ဝါယာရှော့ခ် မီးလောင်မှုများတွင် စံချိန်မမီသော၊ ဈေးပေါသော ဝါယာကြိုးများကြောင့် လျှပ်စစ်ဓာတ်အားကို မနိုင်မနင်းဖြစ်ပြီး မီးလောင်ခဲ့ခြင်းဖြစ်၏။

Hot Plate လျှပ်စစ်မီးဖိုကို အသုံးပြုပြီး သတိမေ့လျော့ကာ မီးခလုတ် မပိတ်မိဘဲ ပြင်ပသို့ ထွက်ခွာသွားခြင်းမျိုးမှာလည်း သတိပြု ဆင်ခြင်ဖွယ် ဖြစ်ပါတယ်။

လျှပ်စစ်နှင့်ပတ်သက်ပြီး အသိပညာနည်းပါးမှုမှာ အိမ်များ၌အသုံးပြုနေသော အင်ဗာတာနှင့် မီးအားမြှင့်စက်များကို စောင့်မကြည့်ဘဲ မီးအားသွင်းမှုကြောင့် မီးလောင်မှုများဖြစ်တတ်၏။ အထူးသဖြင့် အင်ဗာတာများကို မီးအားသွင်းရာတွင် လိုအပ်သည်ထက် ပို၍ မီးအားသွင်းမိပါက မီးလောင်တတ်ကြောင်း သတိထားဆင်ခြင် သင့်၏။ အင်ဗာတာကို အားသွင်းပြီး အပြင်သို့ထွက်သွားရာမှ မီးလောင်မှုဖြစ်၏။ အင်ဗာတာကိုအားသွင်းပြီး ညအိပ်ရာမှ ညအချိန်မတော် မီးလောင်မှုဖြစ်၏။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ လိုအပ်သည်ထက်ပိုပြီး အားသွင်းခြင်းကြောင့်ဖြစ်၏။ မီးအားမြှင့်စက်မှ မီးအားထုတ်စဉ် အသုံးပြုသော ဝါယာကြိုးများ စံချိန်မမီသည့်အတွက် ခံနိုင်ရည်မရှိဘဲ မီးလောင်မှုဖြစ်ရခြင်းကိုလည်း သတိထားဆင်ခြင်ရမည် ဖြစ်သည်။

အခြားသော မီးလောင်မှုများတွင် ဖယောင်းတိုင်ထွန်းပြီး အိပ်ပျော်ရာမှ မီးလောင်ခြင်း၊ ခြင်ဆေးခွေကို အောက်ခံ သံပြား၊ သံခွက်တို့ဖြင့် မခံဘဲ စက္ကူဘူး စသည်တို့ဖြင့် ခံ၍ ထွန်းရာမှ မီးကူးစက်လောင်ခြင်း၊ မီးဖိုမီးမှ မီးကြွင်း မီးကျန်များကို ဖယ်ရှားခြင်း မပြုမိသော ပေါ့ဆမှုများကြောင့် မီးလောင်မှုများကိုပါ သတိထား ဆင်ခြင်သင့်ပါ၏။

မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၏။ ထို့ကြောင့် မီးကို ရန်သူမဖြစ်အောင်သတိထားဆင်ခြင်သင့်ပါ၏။ မီးကို မိတ်ဆွေဖြစ်အောင် အကျိုးရှိရှိ အသုံးချသင့်ပြီဖြစ်၏။ ပေါ့ဆမှု၊ မှားယွင်းမှု၊ လောဘကြီးမှု၊ ဒေါသကြီးမှုတို့ကြောင့် မီးလောင်ဆုံးရှုံးမှု အန္တရာယ်ကို သတိထားဆင်ခြင် ကာကွယ်သင့်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မီးသုံးစွဲလျှင် အသိဉာဏ်ဖြင့် ဆင်ခြင်သတိ အမြဲရှိ

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇီနမာရ်အောင်စေတီ အနီး မိုးကုတ်ဝိပဿနာ၊ သုညတဓမ္မကျောင်းတိုက်အတွင်း မဂ္ဂဓမ္မလေးထပ် ကျောင်းဆောင်အတွက် မတည်အလှူရှင် ရန်ကင်းမြို့နယ်နေ ဦးအေးကြည်-ဒေါ်တိုးတိုး၊ သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို သုညတဓမ္မ ဆရာတော် ဦးစန္ဒသေနထံ လှူဒါန်းစဉ်။ (က-ပ)

ဦးချိုချိုနိုင်အားရည်စူး၍ ဒဂုံမြို့နယ် မနော်ဟရီလမ်းနေ ဒေါ်မိုးမိုး၊ သား သက်ထွန်းဦး၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းနေ ဦးအောင်ကျော်-ဒေါ်ကြည်သန်းနှင့် ဦးဝင်းလွင်အားရည်စူး၍ ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာ ရွှေတောင်ကြားရပ်ကွက်နေ သား မောင်အာကာမင်း၊ မောင်ဖြိုးထက်မင်း တို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၃၂၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

အရာတော်မြို့နယ် ဘောင်းကျကျေးရွာတွင် ရှင် ၁၀၀နှင့် သီလရှင် ၃၀၀ ဝတ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တဝိမလနှင့် ခမည်းတော် ဦးစံဝင့်-မယ်တော်(ဒေါ်ရွှေ)မိသားစုတို့က ဦးဆောင်၍ ရှင်အပါး၁၀၀ပြုပွဲနှင့် သီလရှင်အပါး၃၀၀ဝတ်ပွဲကို မတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဘောင်းကျကျေးရွာ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကို ငွေကျပ်သိန်း၃၀၀ကျော်အကုန်အကျခံမတည်ပြီး ပထမအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror **မှုခင်းသတင်းများ**

ဗဟန်းမြို့နယ်တွင် ဆေးကုသရန် လာရောက်တည်းခိုနေသူထံမှ ငွေကျပ်သိန်း ၆၀ လိမ်လည်ရယူသွား

ရန်ကုန် မတ် ၈

တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် ပုဂံ(၂)လမ်း အမှတ်(၆၀၀)နေ ဦးကျော်ဝင်း (၅၃)နှစ် (ဘ) ဦးသိန်းရွှေသည် မတ် ၄ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ တွင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ လာရောက်ပြီး အမှုဖွင့်တိုင်ကြားခဲ့ရာတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီး(မြောက်)ရပ်ကွက် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်းသို့ ဆေးကုသရန် ရောက်ရှိနေသော နေပြည်တော် ပျဉ်းမနားမြို့နယ် ရွှေချီရပ် မြို့ပတ်လမ်းရှိ တပ်ဦးကျောင်း ဆရာတော် ဦးဝိလာသထံသို့ မတ် ၁ရက်က ဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသော နေပြည်တော် ပျဉ်းမနားနေ ဦးကျော်သန်း၊ မှော်ဘီမြို့နေ ဦးလှတင်၊ တရုတ်ကြီး၊ ဒေါ်ကြိုင်ကြိုင်တို့လေးဦးရောက်ရှိလာပြီး လုပ်ငန်းကိစ္စအတွက် ငွေလိုနေ၍ ငွေကျပ် သိန်း ၆၀ကူညီရန် ပြောကြားခဲ့သည်။ ဆရာတော် ဦးဝိလာသက သံဃာနှစ်ပါးရှေ့တွင် ငွေကျပ် သိန်း ၆၀ကို ပေးအပ်ခဲ့သည်။ ၎င်းတို့လေးဦးသည် မတ် ၂ ရက်တွင် ကျောင်းသို့ ထပ်မံရောက်ရှိလာပြီး အမည်းရောင် ပလတ်စတစ်အိတ် နှစ်ထပ်ဖြင့် ထုပ်ပိုးထားသော ငွေကျပ် သိန်း ၆၀ ကို ပြန်လည်ပေးအပ်ပြီး ပြန်သွားခဲ့သည်။ အဆိုပါ ငွေများကို သေတ္တာထဲသို့သိမ်းထားရန် ကြည့်သောအခါ ကျပ်တစ်သိန်းအုပ် တစ်အုပ်လျှင်အပေါ်အောက်တစ်ထောင်တန်အသေးညှပ်၍ ဖယောင်းစက္ကူပါးဖြင့် အထုပ် ၂၀ ထုပ်ထားပြီး ၎င်းအထုပ်များ အောက်တွင် ဂျာနယ်၊ ကာတွန်း စာအုပ်များခံ၍ ထည့်ထားသည်ကို တွေ့ရကာ ငွေသားမှာ ကျပ် ၁၀၀၀တန်ရွက်၂၀သာပါရှိသဖြင့်အရေးယူပေးရန် တိုင်ကြားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဗဟန်းရဲစခန်းက ဦးကျော်သန်းပါလေးဦးအားယင်းနေ့မှာပင် (ပ) သတင်းအချက် အမှတ် ၁၂၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၁၁၄ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းလျှောက်လာသူ ယာဉ်တိုက်မိ၍ သေဆုံး

ရန်ကုန် မတ် ၈

သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် လေးထောင့်ကန် လမ်းမကြီး အမှတ်(၄၇)နေ ဦးအေးကို အသက် (၅၂)နှစ်သည် မတ် ၁ ရက် ည ၈နာရီခွဲခန့်တွင် ငမိုးရိပ်ရပ်ကွက်မှ နေအိမ်သို့ ပြန်လာစဉ် လေးထောင့်ကန်လမ်းမကြီး ငမိုးရိပ်ဘက်ခြမ်း ဟိုးဟိုးကျော် လက်ဖက်ရည်ဆိုင်ရှေ့ အရောက်တွင် စံပြဈေးဘက်မှ တာမွေဘက်သို့ မောင်ဇော်မြင့် မောင်းနှင်လာသော ရာဇာဂျစ် ခရမ်းဖြူရောင် (၈ဃ/၃၁၀၆)က ဝင်တိုက်မိရာ ဦးအေးကိုမှာ ဦးခေါင်း၌ ပြင်းထန်စွာ ဒဏ်ရာရပြီး ခြေထောက်ကျိုးသွားသောကြောင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ၎င်းည ၁၁ နာရီ ၁၅ မိနစ်တွင် သေဆုံးသွားသည်။

၎င်းအမှုနှင့် ပတ်သက်၍ ယာဉ်မောင်း ဇော်မြင့် အသက်(၂၁)နှစ်၊ (ဘ)ဦးဆဲဂဲ အမှတ်(၁၂)၊ ၁၄၆လမ်း၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေသူအား သင်္ဃန်းကျွန်းမြို့နယ် ယာဉ်ထိန်း နယ်မြေ(၄) ယာဉ်မှုစစ် ဒုရဲအုပ် ဝင်းနိုင်စိုးက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၄၄)

မင်္ဂလာမွန် အားကစားကွင်းဘေး အမှိုက်ပုံတွင် မွေးကင်းစမိန်းကလေး အလောင်းတစ်လောင်းတွေ့ရှိ

ရန်ကုန် မတ် ၈

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် စက်ရုံလမ်း မင်္ဂလာမွန်ဈေး အနီး မင်္ဂလာမွန်အားကစားကွင်းဘေးအမှိုက်ပုံတွင် မတ် ၆ ရက် နံနက် ၈ နာရီခန့်က မွေးကင်းစ မိန်းကလေးအလောင်း တစ်လောင်းကို အားကစား ကွင်းဘေးရှိ လမင်းသာ စားဖွယ်စုံဆိုင်မှ စားပွဲထိုး စည်သူအောင် (၁၆)နှစ်က တွေ့ရှိသဖြင့် မင်္ဂလာတောင်ညွန့် ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ရဲစခန်းက အလောင်းအား နံနက် ၁၀နာရီ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံက အလောင်းအမှတ် ပီအာရ်-၀၁၇ ဖြင့်လက်ခံထားပြီး သေမှုသေခင်း အမှတ်စဉ် ၂/၂၀၀၈ ဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးညိုမြို့နယ်တွင် လှေမှောက်၍ ခြောက်ဦးသေဆုံး

ရန်ကုန် မတ် ၈

မိုးညိုမြို့နယ် ကြို့ပင်သာကျေးရွာ အုပ်စု ဖြူကြီးကျေးရွာနေသူများဖြစ်ကြသည့် မဥမ္မာချို(၂၉)နှစ်၊ သမီးဖြစ်သူ မဖူးဝေစိုး(၂)နှစ်၊ မစန္ဒာအေး(၂၄)နှစ်၊ မအေးမာ(၁၄)နှစ်၊ မဖြူဖြူစိန်(၁၄)နှစ်၊ မအေးမြတ်သူဇာ(၂၇)နှစ်၊ မမြတ်စု(၂၈)နှစ်တို့ ခုနစ်ဦးသည် မတ် ၄ရက် နံနက် ၅နာရီခန့်က အလျား ၁၁တောင်၊ အနံနှစ်တောင်ခန့်ရှိ (စက်လှေ)ဖြင့် ထိန်တောကျေးရွာ မြစ်ဆိပ်မှ မြစ်မခမြစ်ကို ဖြတ်၍ တစ်ဖက်ကမ်းရှိ ထိန်ကုန်းကျေးရွာ ဆိပ်ကမ်းသို့ ဖြတ်ကူးစဉ် လှေတိမ်းမှောက်ခဲ့ရာ လှေဖြင့်လိုက်ပါလာသူ မမြတ်စုတစ်ဦးမှလွဲ၍ ကျန်ခြောက်ဦးမှာရေနစ်သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညိုထိန်တောရဲတပ်ဖွဲ့စခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် တိုင်းရင်းသားအဖွဲ့အစည်း၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ

တွေ့ဆုံ

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းတို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၈

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီသည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခမ်းထီ ခေါင်းဆောင်သောအဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်ရွှေ ခေါင်းဆောင်သောအဖွဲ့နှင့် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီး ခေါင်းဆောင်သောအဖွဲ့နှင့် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း တို့နှင့် မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည် နှင့် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

ညစာတည်ခင်းဧည့်ခံ

ညပိုင်းတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့်က မစ္စတာ ဂမ်ဘာရီအား မြရိပ်ညိုရှိုင်ရယ် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ဒီမိုကရေစီစနစ်ဖြစ်ပေါ်ဖို့ အခြေခံအကျဆုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်

"ဒီမိုကရေစီစနစ် ဖြစ်ပေါ်ဖို့ အခြေခံအကျဆုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးပါတီတွေ ထူထောင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ စည်းကမ်းကျနစွာ ထူထောင်ပြီးပါမှ ရွေးကောက်ပွဲ ဖြစ်လာနိုင်ပါတယ်။ ရွေးကောက်ပွဲမှတစ်ဆင့် အရပ်သားအစိုးရ ပေါ်လာမှာဖြစ်ပါတယ်။"

ကိုဖြောင့်၏ **"နိုင်ငံရေးသမား၊ ပြည်သူ့တာဝန်နှင့် အနာဂတ်အရေး"** (ဆောင်းပါး) စာမျက်နှာ–၆